မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၄၄ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာစိုင်းမောက်ခမ်း<br>ဒုတိယသမ္မတ | နာယက |
| (၂) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ | နာယက |
| (၃) | ဦးစိုးဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၄) | ဗိုလ်မှူးချုပ်ကျော်ဇံမြင့်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | ဦးသန်းဌေး<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၇) | ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၈) | ဦးခိုင်အောင်<br>အမြဲတမ်းအတွင်းဝန်<br>သာသနာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

**( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးခိုင်အောင်<br>အမြဲတမ်းအတွင်းဝန်<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၁၂) ဦးစိုးရန်နိုင် — အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၃) အလှည့်ကျသဘာပတိ — အဖွဲ့ဝင်
ဂေါပကအဖွဲ့
ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး

(၁၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

၂။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို LED Board ဖြင့် ပူဇော်နိုင်အောင် ဆောင်ရွက်ရန်။

(ခ) ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားရန်။

(ဂ) ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီအသီးသီး၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်။

(ဃ) အရေးကြီးပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များအား ကြိုဆိုရေး၊ သံဃာတော်များပင့်ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များအား ဆက်ကပ်မည့်လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များ သာသနာ့မဟာဗိမာန်တော်ပြင်ဆင်ထားရှိမှု စသည်တို့ လစ်ဟာမှုမရှိစေရေးအတွက် ကြိုတင်စစ်ဆေးထားပြီး ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရန်။

၃။　ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

### တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။　တနင်္သာရီတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍

ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီးများအားလုံး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | တိုင်းဦးစီး (ဗိုလ်မှူးကြီး)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီးမန်နေဂျာ၊ တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဍ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ တိုင်းဒေသကြီးမြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဏ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | တိုင်းဒေသကြီးတာဝန်ခံ၊ တိုင်းဒေသကြီးမြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ထ) | တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (ဒ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး (မြို့ပြ)၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ဒု-ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးမြန်မာ့မီးရထား ပို့ဆောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | အတွင်းရေးမှူး၊ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (မ) | ဦးစီးအရာရှိ (ပ)၊ တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ယ) | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ/ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (ရ) | အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (လ) | အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | အတွင်းရေးမှူး |

(ဝ) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

## ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် | အဖွဲ့ဝင် |
| (ဂ) | ဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဝန်ကြီးများအားလုံး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | တိုင်းဦးစီး (ဗိုလ်မှူးကြီး)၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ပဲခူးတိုင်းဒေသကြီးရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | တိုင်းဒေသကြီးမန်နေဂျာ၊ တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဎ) | တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ပဲခူးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဏ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ခေတ္တတိုင်းရောင်းဝယ်ရေးအရာရှိ တိုင်းဒေသကြီးရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဒ) | တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး တိုင်းဒေသကြီးကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူး (မြို့ပြ) ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | တိုင်းဒေသကြီးဦးစီးမှူး တိုင်းဒေသကြီးမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | တိုင်းဒေသကြီးတာဝန်ခံ၊ မီးရထားတိုင်း (၆) | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | အတွင်းရေးမှူး၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (မ) | အတွင်းရေးမှူး၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (ယ) | ဦးစီးမှူး (ပထမတန်း)၊ တိုင်းဒေသကြီးကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ရ) | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (လ) | အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (ဝ) | ခေတ္တအတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (သ) | တိုင်းဒေသကြီးဦးစီးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

### မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍

ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးတရားသူကြီးချုပ်၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော် | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဝန်ကြီးများအားလုံး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | စစ်ဦးစီးမှူး (ပထမတန်း)၊ (ဦး၊ ရေး၊ ထောက်) အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ မကွေးတိုင်းဒေသကြီးမြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီးဦးစီးဌာနမှူး မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | လက်ထောက်အထွေထွေမန်နေဂျာ မကွေးတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ပ) | ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဖ) | အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | ဦးစီးမှူး (ပထမတန်း)၊ မကွေးတိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (မ) | အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (ယ) | အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အတွင်းရေးမှူး |

(ရ) တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

### မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ — ဥက္ကဋ္ဌ
(ခ) တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်
(ဂ) ဝန်ကြီးများအားလုံး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်
(ဃ) ဥပဒေချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်
(င) စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်
(စ) တိုင်းဦးစီး (ဗိုလ်မှူးကြီး)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်
(ဆ) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး — အဖွဲ့ဝင်
(ဇ) အမှုဆောင်အရာရှိချုပ်၊ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း — အဖွဲ့ဝင်
(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးပညာရေးမှူးရုံး — အဖွဲ့ဝင်
(ည) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန — အဖွဲ့ဝင်
(ဋ) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်
(ဌ) တိုင်းဒေသကြီးဦးစီးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(ဍ) ဒုတိယအထွေထွေမန်နေဂျာ၊ တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း — အဖွဲ့ဝင်
(ဎ) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်
(ဏ) တိုင်းဒေသကြီးဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (တ) | တိုင်းဒေသကြီးရောင်းဝယ်ရေးအရာရှိ<br>တိုင်းဒေသကြီးမြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ထ) | တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးမှူး<br>ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန (မြို့ပြ) | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ဒုတိယညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | လက်ထောက်အထွေထွေမန်နေဂျာ၊ မီးရထားသွားလာရေးတိုင်း-၃ | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း/<br>တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (မ) | ဦးစီးမှူး (ပထမတန်း)၊ တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ယ) | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (ရ) | အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (လ) | အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (ဝ) | တိုင်းဒေသကြီးဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

### မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မွန်ပြည်နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မွန်ပြည်နယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဂ) | ဝန်ကြီးများအားလုံး၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (င) | ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (စ) | တိုင်းဦးစီး (ဗိုလ်မှူးကြီး)၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်ဦးစီးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဎ) | ပြည်နယ်ဦးစီးမှူး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်နယ်ဦးစီးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ပြည်နယ်ရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (က) အဆင့် | အဖွဲ့ဝင် |
| (ဓ) | ပါမောက္ခဌာနမှူး၊ အဏ္ဏဝါသိပ္ပံဌာန၊ မော်လမြိုင်တက္ကသိုလ် | အဖွဲ့ဝင် |
| (န) | ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (ပ) | ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူး (မြို့ပြ)၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့ | အဖွဲ့ဝင် |
| (ဗ) | ပြည်နယ်ဦးစီးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဘ) | မန်နေဂျာ၊ မြန်မာ့မီးရထား (သွားလာရေး)၊ တိုင်းအမှတ် (၈) | အဖွဲ့ဝင် |
| (မ) | အင်ဂျင်နီယာမှူး (မြို့ပြ)၊ မြန်မာ့မီးရထား (မြို့ပြ) | အဖွဲ့ဝင် |
| (ယ) | ဥက္ကဋ္ဌ၊ ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (ရ) | ဥက္ကဋ္ဌ၊ မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (လ) | အတွင်းရေးမှူး၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (ဝ) | ဦးစီးမှူး (ပထမတန်း)၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ | အဖွဲ့ဝင် |
| (သ) | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (ဟ) | အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (ဠ) | အတွင်းရေးမှူး၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (အ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်နယ်ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်တရားသူကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်ဝန်ကြီးများအားလုံး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဥပဒေချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ပြည်နယ်စာရင်းစစ်ချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး (ဗိုလ်မှူးကြီး)၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးမှူး၊ ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ပြည်နယ်ဦးစီးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်နယ်ဦးစီးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဍ) | ပြည်နယ်ဦးစီးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ရခိုင်ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဏ) | ပြည်နယ်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဌာနခွဲမန်နေဂျာ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ထ) | ပြည်နယ်ပညာရေးမှူး၊ ရခိုင်ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |

(ဒ) ပြည်နယ်ဦးစီးမှူး၊ ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်
(ဓ) ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်လမ်းဦးစီးဌာန — အဖွဲ့ဝင်
(န) ပြည်နယ်ဦးစီးမှူး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်
(ပ) တိုင်းခွဲတာဝန်ခံ၊ မြန်မာ့မီးရထား — အဖွဲ့ဝင်
(ဖ) ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ — အဖွဲ့ဝင်
(ဗ) ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်
(ဘ) ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း — အဖွဲ့ဝင်
(မ) ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်
(ယ) ကိုယ်စားလှယ် (၁) ဦး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရခိုင်ပြည်နယ် — အဖွဲ့ဝင်
(ရ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ — အဖွဲ့ဝင်
(လ) အများကြည်ညိုလေးစားသောပုဂ္ဂိုလ် — အဖွဲ့ဝင်
(ဝ) အတွင်းရေးမှူး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အတွင်းရေးမှူး
(သ) ပြည်နယ်ဦးစီးမှူး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

### စက်မှုလုပ်ငန်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **စက်မှုလုပ်ငန်းဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## စက်မှုလုပ်ငန်းဥပဒေ (မူကြမ်း)

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စက်မှုလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စက်မှုလုပ်ငန်း**ဆိုသည်မှာ စွမ်းအင် သို့မဟုတ် နည်းပညာတစ်မျိုးမျိုးကိုအသုံးပြုပြီး အသွင်ပုံသဏ္ဌာန် သို့မဟုတ် ဂုဏ်သတ္တိပြောင်းလဲအောင် ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်းနှင့်ပြုပြင်မွမ်းမံသည့် လုပ်ငန်းကို ဆိုသည်။

(ခ) **မိုက်ခရိုစက်မှုလုပ်ငန်း**ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အမြဲတမ်းဝန်ထမ်း ငှားရမ်းအသုံးပြု၍သော်လည်းကောင်း ဝန်ထမ်းဦးရေအမြဲတမ်း ၂၀ ဦးထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေကျပ်သန်း ၅၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းကို ဆိုသည်။

(ဂ) **အသေးစားစက်မှုလုပ်ငန်း**ဆိုသည်မှာ ဝန်ထမ်းဦးရေအမြဲတမ်း ၂၀ ဦးအထက်မှ ၅၀ ဦး ထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေကျပ်သန်း ၅၀ အထက်မှ ကျပ်သန်း ၅၀၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းကိုဆိုသည်။

(ဃ) **အလတ်စားစက်မှုလုပ်ငန်း**ဆိုသည်မှာ ဝန်ထမ်းဦးရေအမြဲတမ်း ၅၀ ဦးအထက်မှ ၃၀၀ ဦးထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၀၀၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းကို ဆိုသည်။

(င) **အကြီးစားစက်မှုလုပ်ငန်း**ဆိုသည်မှာ ဝန်ထမ်းဦးရေအမြဲတမ်း ၃၀၁ ဦးနှင့်အထက်ရှိသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေ ကျပ်သန်း ၁၀၀၀ အထက်ရှိသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းကို ဆိုသည်။

(စ) **မတည်ရင်းနှီးငွေ**ဆိုသည်မှာ မြေတန်ဖိုးမပါဝင်သည့် ပုံသေပိုင်ပစ္စည်းများနှင့် ထည့်ဝင်ငွေတန်ဖိုးကို ဆိုသည်။

(ဆ) **လုပ်ငန်းစတင်သည့်နေ့**ဆိုသည်မှာ လုပ်ငန်းစတင်လည်ပတ် ထုတ်လုပ်သည့်နေ့ကို ဆိုသည်။

(ဇ) **အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**ဆိုသည်မှာ အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် မူဝါဒချမှတ်ဆောင်ရွက်ပေးသော ကော်မတီကို ဆိုသည်။

(ဈ) **စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာအထောက်အကူပြုကော်မတီ**ဆိုသည်မှာ မိုက်ခရို၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ည) **စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် စက်မှုလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းများဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဋ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် မိုက်ခရို၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား တစ်နေရာတည်း၌ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုမိန့်များလျှောက်ထားခြင်းတို့အတွက် ဝန်ဆောင်မှုပေးခြင်းနှင့် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

(ဎ) **စက်မှုဇုန်**ဆိုသည်မှာ အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ စီးပွားရေးဇုန်အတွင်း သို့မဟုတ် စီးပွားရေးဇုန်ပြင်ပတွင် စက်မှုဇုန်အဖြစ် သတ်မှတ်တည်ထောင်သည့်ဇုန်ကို ဆိုသည်။

(ဏ) **စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာ စက်မှုဇုန်တွင် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရဖွဲ့စည်းသော စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ပ) **ဇုန်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ စက်မှုဇုန်လုပ်ငန်းများအား ထိရောက်စွာစီမံခန့်ခွဲနိုင်ရန် ကြိုတင် သတ်မှတ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ခန့်အပ်တာဝန်ပေးသောပုဂ္ဂိုလ်ကို ဆိုသည်။

(ဏ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဤဥပဒေပါပြဋ္ဌာန်းချက်များ အတိုင်း တာဝန်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သော ပြည်ထောင်စုအစိုးရ၊ စက်မှုဝန်ကြီး ဌာနကို ဆိုသည်။

(တ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ပူးပေါင်းအကောင် အထည်ဖော်မည့် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများကို ဆိုသည်။

(ထ) **ဘဏ်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုထားသော နိုင်ငံတော်အတွင်းရှိဘဏ်တစ်ခုခုကို ဆိုသည်။

(ဒ) **ဦးစီးဌာန**ဆိုသည်မှာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနကို ဆိုသည်။

(ဓ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **လုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ ဤဥပဒေအရ စက်မှုလုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရှိသူ နိုင်ငံသား သို့မဟုတ် ဖက်စပ်လုပ်ငန်းထူထောင်သည့် နိုင်ငံသားနှင့် နိုင်ငံခြားသားတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးတည်ဆောက်သူတို့လည်းပါဝင်သည်။

(ပ) **အခြေခံအဆောက်အအုံများ**ဆိုသည်မှာ စက်မှုလုပ်ငန်းများအား အထောက်အပံ့ပေးသည့် မြေ၊ လမ်း၊ ရေ၊ မီး၊ အဆောက်အဦ၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာစသည့် အခြေခံလိုအပ်ချက်များကို ဆိုသည်။

(ဖ) **နိုင်ငံသား**ဆိုရာတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကို ဆိုသည်။ ဤဥပဒေ အလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဗ) **နိုင်ငံခြားသား**ဆိုရာတွင် နိုင်ငံသားမဟုတ်သူကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံခြားသားများ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍတိုးတက်စေခြင်းနှင့်အကြီးစားစက်မှုလုပ်ငန်းများ တည်ထောင်ခြင်းဖြင့် စက်မှုနိုင်ငံတည်ဆောက်ရန်၊

(ခ) မိုက်ခရို၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများကို တိုးတက်သောနည်းပညာများဖြင့်ဖွံ့ဖြိုးစေပြီး နိုင်ငံတော်၏ စီးပွားရေးကို အရှိန်အဟုန်မြှင့်တင်ရန်၊

(ဂ) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူ တစ်ဦးချင်း၏ ပုံမှန်ဝင်ငွေတိုးတက်စေရန်၊

(ဃ) ကျေးလက်ဒေသထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်စေခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊

(င) သဘာဝအရင်းအမြစ်နှင့် သယံဇာတများအား ထိရောက်အကျိုးရှိစွာ အသုံးချပြီးရေရှည်တည်တံ့ ခိုင်မြဲသော စက်မှုလုပ်ငန်းများ ထူထောင်ရန်၊

## အခန်း (၃)
## အခြေခံမူများ

၄။ စက်မှုလုပ်ငန်းများကို အောက်ပါအခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရမည် -

(က) မိုက်ခရို၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊

(ခ) ပြည်ပပို့ကုန်စက်မှုလုပ်ငန်းများ တိုးတက်ရေး၊

(ဂ) လုပ်သားအခြေပြု စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားရေး၊

(ဃ) ပြည်တွင်းပြည်ပ အရင်းအနှီးများကို ဆွဲဆောင်၍ အကြီးစားစက်မှုလုပ်ငန်းများနှင့် နည်းပညာမြင့် စက်မှုလုပ်ငန်းများတည်ထောင်ရေး၊

(င) ပြည်တွင်းစက်မှုလုပ်ငန်းများအား နည်းပညာနှင့်ငွေကြေးအထောက်အပံ့ပြုနိုင်မည့်ဝန်းကျင်ကောင်း တစ်ခု ဖန်တီးပေးရေး၊

(စ) နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို အစိုးရ သို့မဟုတ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် ဆောင်ရွက်ရေး။

## အခန်း (၄)
## စက်မှုလုပ်ငန်း၏ မတည်ရင်းနှီးငွေတန်ဖိုးသတ်မှတ်ခြင်း

၅။ စက်မှုလုပ်ငန်းများ၏ မတည်ရင်းနှီးငွေသတ်မှတ်ရာတွင် အောက်ပါ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် ကနဦးထည့်ဝင်ငွေများ ပါဝင်ရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး သတ်မှတ်ရာတွင် မြေတန်ဖိုးမပါသတ်မှတ်ရမည် -

(က) မြေ အကျယ်အဝန်းဖော်ပြချက်များ၊

(ခ) အတွင်းလမ်းများ၊ ဆက်သွယ်ရေးစနစ်၊ လျှပ်စစ်ဖြန့်ဝေရေးစနစ်၊ ရေပေးဝေရေးစနစ်နှင့် ရေဆိုး သန့်စင်စနစ်များ၊

(ဂ) ရုံး၊ စက်ရုံအဆောက်အဦ၊ ဂိုဒေါင်နှင့် လူနေအဆောက်အဦများ၊

(ဃ) စက်နှင့် စက်ပစ္စည်းများ၊ ယန္တရားများ၊ လက်သုံးကိရိယာများ၊

(င) သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊

(စ) လျှပ်စစ်ဆိုင်ရာကိရိယာများ၊

(ဆ) တပ်ဆင်ပစ္စည်းများ၊ ပရိဘောဂများနှင့် အသုံးအဆောင်များ။

## အခန်း (၅)
## စက်မှုလုပ်ငန်းခွင့်ပြုခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပျက်ပြယ်ခြင်း

၆။ လုပ်ငန်းဆောင်ရွက်သူသည် စက်မှုလုပ်ငန်း တည်ထောင်ခြင်းနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) **ကြိုတင်ခွင့်ပြုချက်။** ပေါက်ကွဲစေတတ်သောပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဆေးရွက်ကြီးကို အခြေပြု ထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်း၊ အရက်နှင့်ဘီယာထုတ်လုပ်သည့်လုပ်ငန်း များအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်။

(ခ) **ယာယီမှတ်ပုံတင်ခြင်း။** ယာယီမှတ်ပုံတင်လက်မှတ်ရရှိရန် တာဝန်ခံဝန်ကြီးဌာန၏ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်ဦးစီးဌာနများတွင် စာ (သို့မဟုတ်) အွန်လိုင်းဖြင့် လျှောက်ထား နိုင်သည်။

(ဂ) **လုပ်ငန်းလိုင်စင်။** အကြီးစားစက်မှုလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တိုက်ရိုက်လျှောက်ထားရယူရမည်။ မိုက်ခရို၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင်ကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော အဖွဲ့များမှတစ်ဆင့် လျှောက်ထား ရယူနိုင်သည်။

(ဃ) **လိုင်စင်ထုတ်ပေးခြင်း။** အကြီးစားစက်မှုလုပ်ငန်းလိုင်စင်ကို သက်ဆိုင်ရာဌာနမှ ဘုတ်အဖွဲ့ဆုံးဖြတ်ချက်ဖြင့် စတင်လျှောက်ထားသည့်နေ့မှစ၍ ရက်ပေါင်းသုံးဆယ်အတွင်း ထုတ်ပေးရမည်။ လုပ်ငန်းလိုင်စင်မပေးနိုင်ပါက ဌာန၏ဆုံးဖြတ်ချက်ကို အကျိုးအကြောင်းဖော်ပြ၍ လျှောက်ထားသူကို အသိပေးရမည်။

(င) **တစ်နေရာတည်းဝန်ဆောင်မှုပေးသောအဖွဲ့ဖြင့် ဆောင်ရွက်ပေးခြင်း။** ယာယီမှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင် သို့မဟုတ် မှတ်ပုံတင်လျှောက်ထားခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မိုက်ခရို၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတစ်နေရာတည်း ဝန်ဆောင်မှုပေးသည့် အဖွဲ့ဖြင့် ဆောင်ရွက်ပေးရမည်။

၇။ **စက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်း**

(က) အကြီးစားစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းကို တာဝန်ခံဝန်ကြီးဌာနက ဆောင်ရွက်ပြီး ပုဒ်မ ၆ (က) နှင့်ကိုက်ညီရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် သို့မဟုတ် လုပ်ငန်းလိုင်စင်ရရှိပြီးမှသာ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

(ခ) ကိန်းဂဏန်းနှင့်စာရင်းအင်းများ အရည်အသွေးပြည့်ဝရေးနှင့် တိကျမှန်ကန်ရေးအတွက် မှတ်ပုံမတင်ရသေးသော စက်မှုလုပ်ငန်းများ တရားဝင်မှတ်ပုံတင်စေရေးကို ခရိုင်ဦးစီးမှူးဦးစီးသော ရွှေ့လျားမှတ်ပုံတင်အဖွဲ့များဖြင့် ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာစက်မှုလုပ်ငန်းသည် ကြိုတင်ခွင့်ပြုချက် သို့မဟုတ် လိုင်စင် သို့မဟုတ် ယာယီမှတ်ပုံတင်လက်မှတ်ရရှိပြီးပါက ဤဥပဒေပါအခွင့်အရေးများကို ခံစားခွင့်ရှိသည်။

(ဃ) ယာယီမှတ်ပုံတင်လက်မှတ်သက်တမ်းသည် နှစ်နှစ်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်းသည် သုံးနှစ်ဖြစ်သည်။ ယာယီမှတ်ပုံတင်ကြေး၊ မှတ်ပုံတင်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးကြေးကို စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီက သတ်မှတ်ရမည်။

(င) ယာယီမှတ်ပုံတင်လက်မှတ်အား စက်မှုလုပ်ငန်းတည်ထောင်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို အပြည့်အဝလိုက်နာပါမည်ဟူသော ကတိဝန်ခံချက်ဖြင့် စတင်လျှောက်ထားသည့်နေ့မှ ဆယ်ရက်အတွင်းထုတ်ပေးပြီး မှတ်ပုံတင်ခြင်းအား စတင်လျှောက်ထားသည့်နေ့မှ သုံးဆယ်ရက်အတွင်း ဆောင်ရွက်ပေးရမည်။

၈။ ယာယီမှတ်ပုံတင်လက်မှတ်နှင့် မှတ်ပုံတင်လက်မှတ်နှစ်မျိုးလုံးတွင် လုပ်ငန်းဆောင်ရွက်သူမှ လိုက်နာဆောင်ရွက်ရမည့် အဓိကကျသည့် အချက်အလက်များ၊ ရရှိမည့်အခွင့်အရေးများကို ရှင်းလင်းစွာဖော်ပြပါရှိရမည်။

၉။ ပုဒ်မ ၇ (က) အရ အကြီးစားစက်မှုလုပ်ငန်း မှတ်ပုံတင်ပေးရန် လျှောက်ထားရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံမှတစ်ဆင့် သတ်မှတ်သည့် နည်းလမ်းအတိုင်း လျှောက်ထားရမည်။

၁၀။ ပုဒ်မ ၉ အရ လျှောက်ထားလာသည့်အခါ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ လိုအပ်သော စိစစ်မှု၊ စစ်ဆေးမှုများပြုလုပ်ပြီး စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်များကို ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၁၁။ မိုက်ခရို၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ မှတ်ပုံတင်ရန် လျှောက်ထားရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တစ်နေရာတည်း ဝန်ဆောင်မှုပေးသောအဖွဲ့သို့ သတ်မှတ်

ထားသော နည်းလမ်းအတိုင်း လျှောက်ထားရမည်။ စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက် အရ မှတ်ပုံတင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ဆောင်ရွက်ရမည်။

၁၂။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ စက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်း ပျက်ပြယ်သည်-

(က) သက်တမ်းကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း သက်တမ်းတိုးဆောင်ရွက်မှုမရှိခြင်း၊

(ခ) ပယ်ဖျက်ခံရခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်သူက စက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

## အခန်း (၆)

## အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ လျှပ်စစ်၊ ဆိပ်ကမ်း၊ လေဆိပ်၊ ရထားလမ်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်စသည့် အခြေခံအဆောက်အအုံနှင့် စက်မှု လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ။ |
| (စ) | ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန | ။ |
| (ဆ) | ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ။ |
| (ဇ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ။ |
| (ဈ) | ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန | ။ |
| (ည) | ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန | ။ |
| (ဋ) | ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | ။ |
| (ဌ) | ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | ။ |
| (ဍ) | ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ။ |
| (ဎ) | ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ။ |
| (ဏ) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | ။ |
| (တ) | ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၁၄။ အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးဇုန် သို့မဟုတ် စီးပွားရေးဇုန်ပြင်ပတွင် စက်မှုဇုန် တည်ထောင်နိုင်ရန် အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့်

စက်မှုဇုန်များမှတစ်ဆင့် စီးပွားရေးဇုန်များကို တိုးတက်တည်ထောင်နိုင်ရန် အခြေခံလိုအပ်ချက်များ ပိုမိုဖြည့်ဆည်းပေးခြင်း၊

(ခ) စက်မှုလုပ်ငန်းမူဝါဒပါ ပြဋ္ဌာန်းချက်နှင့် မူဝါဒအတိုင်း အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) စက်မှုလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အစိုးရနှင့် လုပ်ငန်းဆောင်ရွက်သူများကို ကြားခံဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(င) ဖြစ်နိုင်ခြေများကို လေ့လာသုံးသပ်ခြင်း၊ စီမံဆောင်ရွက်ခြင်း၊ လုပ်ငန်းတာဝန်ပေးခြင်းနှင့် လုပ်ငန်းစဉ်များ ပြင်ဆင်ခြင်း။

## အခန်း (၇)

## စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၅။ ဤဥပဒေအရ မည်သည့်စက်မှုလုပ်ငန်းကိုမဆို အကျိုးခံစားခွင့်ရရှိစေသည့် အထောက်အပံ့များနှင့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်တစ်ဦး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်တစ်ဦး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ။ |
| (င) | ညွှန်ကြားရေးမှူးချုပ်တစ်ဦး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ။ |
| (စ) | ညွှန်ကြားရေးမှူးချုပ်တစ်ဦး<br>သတ္တုတွင်းဝန်ကြီးဌာန | ။ |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်တစ်ဦး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ။ |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်တစ်ဦး ဗဟိုဘဏ် | ။ |
| (ဈ) | နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်အစိုးရ၏ ကိုယ်စားလှယ်တစ်ဦးနှင့်<br>စက်မှုလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | ။ |
| (ည) | ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု<br>လုပ်ငန်းရှင်များအသင်းချုပ်၏ ကိုယ်စားလှယ်တစ်ဦး | ။ |
| (ဋ) | မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှကိုယ်စားလှယ်တစ်ဦး | ။ |
| (ဌ) | မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကိုယ်စားလှယ်တစ်ဦး | ။ |
| (ဍ) | မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်တစ်ဦး | ။ |

( ပ ) ညွှန်ကြားရေးမှူးချုပ်တစ်ဦး အတွင်းရေးမှူး
စက်မှုဝန်ကြီးဌာန

၁၆။ စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြု ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီသည် စက်မှုဇုန်တည်ထောင်နိုင်ရေးသို့မဟုတ် စက်မှုဇုန် သတ်မှတ်နိုင်ရေးအတွက် သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်နိုင်ရေးတို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ခ ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသော ရေရှည်တည်တံ့ခိုင်မြဲမည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုလုပ်ငန်းများပေါ်ထွန်းရေး ဆောင်ရွက်ခြင်း၊

( ဂ ) အသစ်တည်ထောင်မည့် စက်မှုလုပ်ငန်းများနှင့်ထပ်မံတိုးချဲ့လိုသောလုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်သော ငွေကြေးထောက်ပံ့မှုများရရှိနိုင်ရန် အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အစိုးရနှင့်ပုဂ္ဂလိကဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ဘေးအန္တရာယ်ရှိ စက်မှုသုံးပစ္စည်းများစာရင်းကို ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်များကို ထုတ်ပြန်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းခြင်း၊

( စ ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး အစီအစဉ်များဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏လိုအပ်ချက်အရ ကန့်သတ်ထားသည့်စက်မှုလုပ်ငန်းများကို ထုတ်ပြန်နိုင်ရန်နှင့်လုပ်ငန်းလိုင်စင်ရယူရန် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဇ ) စက်မှုလုပ်ငန်းများအတွက် ဈေးကွက်လုပ်ငန်းအောင်မြင်ချောမွေ့စေရန် ဈေးကွက်အတွက်လိုအပ်သောကြားခံထောက်ခံချက်များရရှိနိုင်ရေးနှင့် အာမခံစနစ်များ ပေါ်ထွန်းရေးညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ကာလတို၊ ကာလလယ်၊ ကာလရှည် ဦးစားပေးဆောင်ရွက်သင့်သော စက်မှုလုပ်ငန်းအုပ်စုများသတ်မှတ်ခြင်း၊

(ည) ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများအတွက် အထူးအခွင့်အရေးများ ရရှိရန် ဆောင်ရွက်ပေးခြင်း၊

( ဋ ) ဤဥပဒေကို လိုက်နာရသောမည်သည့်စက်မှုလုပ်ငန်းအတွက်မဆို အထောက်အပံ့များနှင့်ဖြေလျှော့မှုများရရှိစေရန် လိုအပ်သောဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်း၊

( ဌ ) သင့်လျော်သည့် စည်းမျဉ်း၊ စည်းကမ်းနှင့် စည်းကမ်းထိန်းသိမ်းရေးအခြေခံမူဘောင်ကို အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

( ဍ ) စက်မှုလုပ်ငန်းများအတွက် လိုအပ်သော မြေ၊ လမ်း၊ လျှပ်စစ်၊ ရေနှင့် ဆက်သွယ်ရေးအစရှိသောအခြေခံအဆောက်အအုံများ ဆောင်ရွက်မည့် ရင်းနှီးတည်ဆောက်သူများလိုက်နာရမည့် အချိန်နှင့်စည်းကမ်းချက်များ ချမှတ်ပေးခြင်း၊

( ဎ ) ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်၊ နည်းပညာနှင့် အကြံပေးဌာနများ ဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) နိုင်ငံတကာ ဝယ်ယူသူနှင့် ပြည်တွင်းရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ်ဖွံ့ဖြိုးစေရန်သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) စက်မှုလုပ်ငန်းများအတွက် သွင်းကုန် သို့မဟုတ် ပို့ကုန်လိုင်စင်မလိုအပ်သော ကုန်ပစ္စည်းများ စာရင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းထုတ်ပြန်ပေးခြင်း၊

(ထ) စက်မှုဇုန်များနှင့် စီးပွားရေးဇုန်များတွင် လုပ်ငန်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းမှု၊ ကုန်ထုတ်စွမ်းအားတိုးမြှင့်နိုင်မှုနှင့် နည်းပညာလွှဲပြောင်းရရှိနိုင်မှုအတွက် အထူးရည်မှန်းချက်များချမှတ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဒ) စက်မှုဇုန်များနှင့် စီးပွားရေးဇုန်များတွင် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်နိုင်ရေးတို့အတွက် စည်းကမ်းသတ်မှတ်ချက်များချမှတ်၍ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဓ) တာဝန်ခံဝန်ကြီးဌာနသည် စက်မှုဇုန်များရှိ လုပ်ငန်းလည်ပတ်မှုများကို ထိရောက်စွာစောင့်ကြည့်စစ်ဆေးရန်နှင့် စည်းကမ်းထိန်းသိမ်းရန် သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(န) စက်မှုလုပ်ငန်းများ အားပေးမြှင့်တင်ခြင်းဖြင့် ယှဉ်ပြိုင်မှုနှင့် ထူးချွန်ပြောင်မြောက်မှုစွမ်းဆောင်ရည် ရရှိစေရေး ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း။

၁၇။ အထက်ပါ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဠ) နှင့်အညီ စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြု ကော်မတီက ချမှတ်ခဲ့သည့် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများက အကောင်အထည်ဖော်ရမည်။

## အခန်း (၈)

## စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၈။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် နေပြည်တော်ကောင်စီသည် စက်မှုလုပ်ငန်းဆိုင်ရာဝန်ကြီး ဦးစီးသော စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၁၉။ စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် လုပ်ကိုင်လျက်ရှိသော စက်မှုလုပ်ငန်းများကိုစစ်ဆေး၍ မှတ်ပုံတင်ရန် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ပြုပြင်စေခြင်း သို့မဟုတ် ပိတ်သိမ်းစေခြင်းအတွက် သဘောထားမှတ်ချက်ပေးခြင်း၊

(ခ) စက်မှုလုပ်ငန်းအသစ်များ မှတ်ပုံတင်ရန်လျှောက်ထားခြင်းများကို စစ်ဆေး၍ ထောက်ခံချက်ပေးခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း၊

(ဂ) စက်မှုလုပ်ငန်းများ မှတ်ပုံတင်ရန် ထောက်ခံချက်ပေးရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကိုထိခိုက်မှုမရှိခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအနည်းဆုံးဖြစ်ခြင်း၊ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) မီးဘေးအန္တရာယ်ကင်းရှင်းခြင်း၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေးထိခိုက်မှုမရှိခြင်း။

(ဃ) ပုဒ်မ ၄ ပါ အခြေခံမူများနှင့်အညီ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းဆောင်ရွက်သူများကို စည်းရုံးညှိနှိုင်းအားပေးခြင်း၊

(င) စက်မှုလုပ်ငန်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်သူကို အရေးယူနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနသို့ အကြောင်းကြားခြင်း၊

(စ) စက်မှုဇုန်မြေနေရာ အဆိုပြုခြင်း၊ ဇုန်အတွင်းမြေအသုံးချမှုနှင့် မြေအငှားချထားခြင်းတို့ကို စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီဆောင်ရွက်ခြင်း၊

(ဆ) စက်မှုဇုန်များတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းကို ရင်းနှီးတည်ဆောက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်သူများအား လုပ်ငန်းခွင်လုံခြုံရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ စံချိန်စံညွှန်း၊ အရည်အသွေး၊ အခွန်ထမ်းဆောင်ခြင်း၊ ငွေကြေးကိစ္စနှင့် ဘဏ္ဍာလုပ်ငန်းဆိုင်ရာစသည်တို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးစေရန် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(စျ) စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာအထောက်အကူပြုကော်မတီက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၂၀။ စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၉ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) အရ မှတ်ပုံတင်ပေးရန် ထောက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့နှင့်စပ်လျဉ်းသည့် သဘောထားမှတ်ချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးထံ သိရှိစေရန် ပေးပို့ရမည်။

## အခန်း (၉)
## လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့် အခွင့်အရေးများ

၂၁။ လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတ်မှတ်ထားသော မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) မှတ်ပုံတင်ထားသော လုပ်ငန်းအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်များကို တာဝန်ယူလိုက်နာရမည်။

(င) မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းဇယားများကို သတ်မှတ်သည့်အတိုင်း စနစ်တကျပြည့်စုံစွာထားရှိ၍ သက်ဆိုင်ရာက တောင်းခံလာပါက တင်ပြရမည်။

(စ) စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ် သို့မဟုတ် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ဆ) လုပ်ငန်းတည်နေရာပြောင်းရွှေ့ခြင်း၊ လုပ်ငန်းအမျိုးအမည်ပြောင်းလဲခြင်း၊ လုပ်ငန်းအချင်းချင်းပေါင်းစပ်ခြင်းနှင့် လုပ်ငန်းခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဦးစီးဌာနသို့ အကြောင်းကြားဆောင်ရွက်ရမည်။

(ဇ) စံသတ်မှတ်ချက် သို့မဟုတ် စံညွှန်းပြည့်မီသော၊ ဘေးအန္တရာယ်ကင်းရှင်းသော ကုန်ပစ္စည်းကောင်း၊ ဝန်ဆောင်မှုကောင်းများ ဖြစ်ပေါ်ရေးဆောင်ရွက်ရမည်။

(စျ) စက်မှုထုတ်ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချရာတွင် ကုန်အမှတ်တံဆိပ်နှင့်အညွှန်းတပ်ဆင်ပြီး သတ်မှတ်ချက်များနှင့်အညီ ရောင်းချရမည်။

(ည) စက်မှုလုပ်ငန်းများသည် လုပ်ငန်းစတင်သည့်နေ့မှ သုံးလအတွင်း မှတ်ပုံတင်ရမည်။

(ဋ) လုပ်ငန်းလည်ပတ်လျက်ရှိပြီး မှတ်ပုံမတင်ရသေးသော စက်မှုလုပ်ငန်းများသည် ဤဥပဒေ အတည်ပြုပြီး သုံးလအတွင်း မှတ်ပုံတင်ရမည်။

(ဌ) တာဝန်ခံဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၂။ လုပ်ငန်းဆောင်ရွက်သူသည် အောက်ပါအခွင့်အရေးများကို လျှောက်ထားခွင့်ရှိသည် -

(က) မိမိလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အခြေခံအဆောက်အအုံများ၊

(ခ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊

(ဂ) ထည့်ဝင်ငွေနှင့် လုည့်ပတ်ငွေရင်းအတွက် ချေးငွေများ။

၂၃။ လုပ်ငန်းဆောင်ရွက်သူသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(က) တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားမှကျွမ်းကျင်သူများနှင့် အတတ်ပညာရှင်များကို ခန့်ထားခြင်း၊

(ခ) လုပ်ငန်းအမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ လုပ်ငန်းခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် လုပ်ငန်းပိတ်သိမ်းခြင်းတို့ကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အတည်ပြုချက်ရယူခြင်း၊

(ဂ) လုပ်ငန်းအတွက်လိုအပ်သည့် ပြည်တွင်း၊ ပြည်ပမှ ကုန်ကြမ်း၊ စက်နှင့်စက်အရန်ပစ္စည်းများအား ဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများ၊

(ဃ) ကုန်ပစ္စည်း ပိုမိုထုတ်လုပ်ရေးနှင့် ကုန်ပစ္စည်းများအရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် ပြည်တွင်းပြည်ပနည်းပညာများ လွှဲပြောင်းရယူခြင်း၊

(င) ပြည်တွင်းပြည်ပသို့ ဈေးကွက်တိုးချဲ့ခြင်းများ။

၂၄။ လုပ်ငန်းဆောင်ရွက်သူသည် စက်မှုဇုန် သို့မဟုတ် စီးပွားရေးဇုန်တွင် လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ထပ်ဆင့်မြေအငှားချထားခြင်းနှင့် စက်မှုဇုန် မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီနှင့် ညှိနှိုင်း၍ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

## အခန်း (၁၀)
## စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၅။ စက်မှုဇုန်များတွင် စက်မှုလုပ်ငန်းဆောင်ရွက်သူများ၏ အကျိုးစီးပွား၊ အများနှင့်သက်ဆိုင်သော မြေနှင့် အခြေခံအဆောက်အအုံများကို စနစ်တကျ စုပေါင်းတာဝန်ယူ၍ ထိန်းသိမ်းစီမံခန့်ခွဲရန် စီမံခန့်ခွဲမှုကော်မတီ တစ်ရပ် ဖွဲ့စည်းရမည်။

၂၆။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် နေပြည်တော်ကောင်စီသည် စက်မှုလုပ်ငန်းမြှင့်တင်ရေး ဆိုင်ရာ အထောက်အကူပြုကော်မတီနှင့် ညှိနှိုင်း၍ သဘောတူညီချက်ဖြင့် စက်မှုဇုန်အတွင်းလုပ်ငန်း ဆောင်ရွက်သူများနှင့် ကုမ္ပဏီများ၏ ကိုယ်စားလှယ်တစ်ဦးစီပါဝင်သော စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပေး၍ လုပ်ငန်းအတွေ့အကြုံရှိသူတစ်ဦးကို အများဆန္ဒဖြင့် ဇုန်အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ကာ ကြိုတင်သတ်မှတ်ထားသော လုပ်ပိုင်ခွင့်များဖြင့် စီမံဆောင်ရွက်စေရမည်။

၂၇။ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့်ညှိနှိုင်းသဘောတူညီချက် ရယူ၍ အကောင်အထည်ဖော်ခြင်း၊

(ခ) စက်မှုဇုန်၏ အင်္ဂါရပ်များအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်း၊

(ဂ) စက်မှုဇုန်နယ်နိမိတ်အတွင်း မသက်ဆိုင်သူများ ကျူးကျော်နေထိုင်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူ၍ တရားစွဲဆိုခြင်း၊ ဖယ်ရှားအရေးယူခြင်း၊

(ဃ) စက်မှုဇုန်အတွင်း လုပ်ငန်းဆောင်ရွက်သူများကို စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီ ချက်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း၊

(င) တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီကထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## အခန်း (၁၁)

## စက်မှုလုပ်ငန်းအုပ်စုများကို ဦးစားပေးအစီအစဉ်သတ်မှတ်ခြင်း

၂၈။ စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ဦးစားပေးအစီအစဉ် သတ်မှတ်ရာတွင် အောက်ဖော်ပြပါ စက်မှုလုပ်ငန်းအုပ်စုများပေါ် မူတည်၍ သတ်မှတ်ရမည် -

(က) လုပ်သားအခြေပြုစက်မှုလုပ်ငန်းများ

(ခ) အခြေခံစားသောက်ကုန်ထုတ် စက်မှုလုပ်ငန်း

(ဂ) နည်းပညာလိုအပ်ချက်နည်းပါးသည့် အခြေခံစက်မှုကုန်ထုတ်လုပ်ငန်း

(ဃ) အလယ်အလတ်အဆင့် နည်းပညာသုံးစက်မှုလုပ်ငန်း

(င) အဆင့်မြင့်နည်းပညာသုံးစက်မှုလုပ်ငန်း

(စ) အခြေခံ အဆောက်အအုံဆိုင်ရာ စက်မှုလုပ်ငန်း

၂၉။ ဤဥပဒေ၏ ရည်ရွယ်ချက်အရ စက်မှုလုပ်ငန်းအုပ်စုများ၏ ဦးစားပေးအစီအစဉ်ကို အချိန်အခါအလိုက် သတ်မှတ်ပြဋ္ဌာန်း၍ အောက်ပါ အထူးအခွင့်အရေးများကို ပေးအပ်နိုင်သည် -

(က) ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းကို တန်ဖိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ ရောင်းချသောပို့ကုန်တို့ကို ကုန်သွယ်ခွန် ကင်းလွတ်စေခြင်း၊

(ခ) ပြည်ပပို့ကုန်ထုတ်လုပ်သည့်စက်မှုလုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းတင်သွင်းရာတွင် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း၊

(ဂ) ဝန်ထမ်းအိမ်ရာ၊ လူမှုဖူလုံရေးကြေး၊ ကျန်းမာရေး၊ ပညာရေးနှင့် သင်တန်းစရိတ်များကို အမြတ်ခွန်မှ ခုနှိမ်ခွင့်ပြုခြင်း၊

(ဃ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းရေးအတွက် စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ စက်ပစ္စည်းများတင်သွင်းခြင်းအတွက် အကောက်ခွန် လျှော့ပေါ့ခြင်း၊

(င) စိုက်ပျိုးထုတ်ကုန် ထုတ်လုပ်ခြင်းဆိုင်ရာ စက်ပစ္စည်းနှင့် စက်ကိရိယာများတင်သွင်းခြင်းအတွက် အကောက်ခွန် လျှော့ပေါ့ခြင်း။

၃၀။ ဦးစားပေးစက်မှုလုပ်ငန်းအုပ်စုများအတွက် ရည်ရွယ်ဆောင်ရွက်သော အခြေခံအဆောက်အအုံဆိုင်ရာ စက်မှုလုပ်ငန်းများသည်လည်း အချိန်နှင့်တစ်ပြေးညီ ပုဒ်မ ၂၉ ပါ အခွင့်အရေးကို ရရှိစေရမည်။

## အခန်း (၁၂)

## သတင်းအချက်အလက် ဝန်ဆောင်မှုနှင့် စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းရေး

၃၁။ လုပ်ငန်းဆောင်ရွက်သူတို့ထံ သတင်းအချက်အလက်နှင့် နည်းပညာများ ကျယ်ပြန့်စွာဖြန့်ဝေနိုင်ရေးနှင့် စီးပွားရေးအရ အောင်မြင်တိုးတက်စေသည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စက်မှုလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်၊ နည်းပညာနှင့်ပြည်တွင်းပြည်ပဈေးကွက်အခြေအနေအား ဖြန့်ဝေပေးနိုင်သည့် **"မြန်မာနိုင်ငံ သတင်းအချက်အလက်ဗဟိုဌာန"** ဖွင့်လှစ်နိုင်ရန် အားပေးခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းဆိုင်ရာ အကြံပေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးခြင်း၊

(ဂ) စက်မှုလုပ်ငန်းဆိုင်ရာ အတိုင်ပင်ခံအဖွဲ့များကို ထက်မြက်အားကောင်းစေရန် ပံ့ပိုးခြင်း၊

(ဃ) အွန်လိုင်းဝန်ဆောင်မှု လုပ်ငန်းများအား ခိုင်မာအားကောင်းစေရန် ကြီးကြပ်အားပေးခြင်း။

၃၂။ သိုလှောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းရေးကို အားပေးရမည်။

၃၃။ ကုန်ပစ္စည်း ရောင်းဝယ်တင်ပို့ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန် အားပေးရမည်။

၃၄။ စက်မှုဇုန်များတွင် တစ်နေရာတည်းဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ **"တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသည့်အဖွဲ့"** ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

## အခန်း (၁၃)

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ လုပ်သားများခန့်ထားခြင်း

၃၅။ ဤဥပဒေအရ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဌာနများကို အောက်ပါ အစီအစဉ်များ ဆောင်ရွက်စေရမည် -

(က) ပြည်တွင်းပြည်ပ အသိအမှတ်ပြု ကျွမ်းကျင်လက်မှတ်ရ လုပ်သားများပေါ်ထွန်းရေးဆောင်ရွက်စေခြင်း၊

(ခ) စက်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပြည်ပသင်တန်းများ စေလွှတ်ခြင်းနှင့် အလုပ်သမားဥပဒေဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း၊

(ဂ) လုပ်ငန်းခွင်အတွင်း အလုပ်ရှင်အလုပ်သမား အပြန်အလှန်စောင့်ရှောက်မှုများ ဆောင်ရွက်စေခြင်း၊

(ဃ) သင်တန်းကျောင်း အေဂျင်စီများထူထောင်၍ ပညာရပ်နှင့် လုပ်ငန်းခွင်လုပ်သားလိုအပ်ချက်ကို အလုပ်ရုံ၊ စက်ရုံများသို့ ညှိနှိုင်းဖြည့်ဆည်းစေခြင်း၊

(င) စက်မှုဇုန်နှင့် စီးပွားရေးဇုန်များတွင် ပရဟိတအသက်မွေး သင်တန်းကျောင်းများ ဖွင့်လှစ်စေခြင်း၊

(စ) သက်ဆိုင်ရာဝန်ကြီးဌာနသည် **"ကျွမ်းကျင်မှုမြှင့်တင်ရေးဆိုင်ရာရန်ပုံငွေ"** ကို ကျွမ်းကျင်မှုကွာဟချက်အား ဖြည့်ဆည်းရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ထူထောင်ခြင်း။

၃၆။ စက်မှုလုပ်ငန်းများဆိုင်ရာ လုပ်သားများခန့်ထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မည်သည့်စက်မှုလုပ်ငန်းအတွက်မဆို ပထမငါးနှစ်အတွင်း လိုအပ်သော လုပ်သားအင်အား၏ ငါးဆယ်ရာခိုင်နှုန်းထက်မနည်းသော ဒေသတွင်းနေထိုင်သူများအား ဦးစားပေးခန့်ထားရမည်။

(ခ) အထက်ဖော်ပြပါ ပုဒ်မခွဲ (က) တွင်ပါဝင်သည့် မည်သည့် စက်မှုလုပ်ငန်းတွင်မဆို လိုအပ်ပါက နိုင်ငံခြားသား ကျွမ်းကျင်သူကို သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အများဆုံး ငါးနှစ်အထိ ခန့်ထားခွင့်ရှိသည်။ ထပ်မံလိုအပ်လျှင် အထူးကိစ္စတစ်ရပ်အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နောက်ထပ်ငါးနှစ်အထိ ဆက်လက်ခန့်ထားလုပ်ကိုင်ခွင့် ရှိသည်။

(ဂ) စက်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သည့် ပြည်တွင်း၊ ပြည်ပမှ ဝန်ထမ်းများနှင့် အလုပ်သမားများ၏ လစာဝင်ငွေအပေါ်တွင် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားတို့နှင့် အညီ ဝင်ငွေခွန်ကို သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်သူက ကောက်ခံပေးသွင်းရမည်။

(ဃ) အထက်ဖော်ပြပါ ပုဒ်မခွဲ (ခ)နှင့်အညီ စက်မှုလုပ်ငန်းတွင် လုပ်ကိုင်နေသည့် နိုင်ငံခြားသားများသည် လစာ၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းထက်မပိုသော ပမာဏကို နိုင်ငံခြားငွေလဲလှယ်၍ ၎င်း၏ မိခင်နိုင်ငံသို့ ပြန်လည်ပေးပို့နိုင်သည်။

## အခန်း (၁၄)
## နည်းပညာတီထွင်ဆန်းသစ်ခြင်းနှင့် သုတေသနလုပ်ငန်းများ

၃၇။ ဤဥပဒေအရ စက်မှုထုတ်ကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးနှင့် နည်းပညာမြှင့်တင်နိုင်ရေးအတွက် အောက်ပါဦးစားပေးသုတေသနဌာနများနှင့် အလားတူ သုတေသနဌာနများအား သက်ဆိုင်ရာဝန်ကြီးဌာနများကို ဖွင့်လှစ်ဆောင်ရွက်စေရမည် -

(က) အစားအစာနည်းပညာဌာန၊

(ခ) သတ္တုသွန်းပညာဌာန၊

(ဂ) အထွေထွေစက်ပစ္စည်းနှင့် လယ်ယာသုံးစက်ကိရိယာဌာန၊

(ဃ) လျှပ်စစ်နှင့် အီလက်ထရောနစ်နည်းပညာဌာန၊

(င) စွမ်းအင်ထိန်းသိမ်းရေး နည်းပညာဌာန၊

(စ) ဇီဝနည်းပညာဌာန။

၃၈။ ဖွံ့ဖြိုးမှုနှင့် နည်းပညာတီထွင်တိုးတက်မှုအတွက် ဉာဏပစ္စည်းမူပိုင်ခွင့်စနစ်ကို ထူထောင်၍ တီထွင်သူများကို တည်ဆဲဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရမည်။

၃၉။ စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြု ကော်မတီသည် အောက်ပါတီထွင်ဆန်းသစ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများအတွက် အထူးနှုန်းဖြင့်အခွန်လျှော့ပေါ့ခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပြုခြင်းတို့အတွက် သက်ဆိုင်ရာသို့ ညှိနှိုင်းဆောင်ရွက်ပေးရမည် -

(က) ပြည်တွင်းထွက်ကုန်ကို အခြေပြု၍ ဆန်းသစ်တီထွင်ထုတ်လုပ်သော ကုန်ပစ္စည်းအသစ်ကို သုတေသနပြု၍ ထုတ်လုပ်ခြင်း၊

(ခ) ကုန်ထုတ်လုပ်ငန်း ဘေးထွက်ပစ္စည်းများနှင့် အလေအလွင့်ပစ္စည်းများကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊

(ဂ) စွမ်းအင်လျှော့ချသုံးစွဲရေး၊ ဆင့်ပွားသုံးစွဲရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် စက်မှုလုပ်ငန်းအတွင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း။

၄၀။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သည် **"သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ"** ထူထောင်ပြီး စက်မှုနည်းပညာနှင့်သုတေသနလုပ်ငန်း၊ ဆန်းသစ်တီထွင်သော စက်မှုလုပ်ငန်းနှင့် နိုင်ငံတကာစံချိန်မီ ထုတ်ကုန်စက်မှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်များကို သင့်လျော်သလို ပံ့ပိုးကူညီရမည်။

## အခန်း (၁၅)
## ငွေကြေးအရင်းအမြစ်များ ထောက်ပံ့ခြင်း

၄၁။ စက်မှုလုပ်ငန်းများအတွက် ငွေကြေးအရင်းအမြစ်များ ထောက်ပံ့နိုင်ရန် နိုင်ငံတော်အနေဖြင့်သော်လည်းကောင်း၊ စက်မှုဇုန်အလိုက်၊ စက်မှုလုပ်ငန်းအစုအဖွဲ့အလိုက် သို့မဟုတ် အသင်းအဖွဲ့လိုက်သော်လည်းကောင်း စွန့်ဦးတီထွင်မှုလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ သုတေသန၊ ကုန်ထုတ်စွမ်းရည်မြှင့်တင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စသည့်ကိစ္စရပ်များတွင် ထောက်ပံ့နိုင်ရန် **"ရန်ပုံငွေ"** သို့မဟုတ် **"အထူးရန်ပုံငွေ"** များကို တည်ဆဲဥပဒေများနှင့်အညီ ထူထောင်နိုင်သည်။

၄၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် စက်မှုလုပ်ငန်းများအတွက် ချေးငွေထောက်ပံ့နိုင်သည့်ဘဏ်များ သို့မဟုတ် ငွေကြေးအဖွဲ့အစည်းများ တိုးချဲ့ဖွဲ့စည်းရေးနှင့် အပေါင်ပစ္စည်းဖြင့် သို့မဟုတ် အပေါင်ပစ္စည်းမပါ ငွေချေးနိုင်ရေးအတွက်ကြားခံ၍ **"ချေးငွေရရှိရန် ကြားခံထောက်ခံပေးခြင်းနှင့် အာမခံပေးသော အဖွဲ့အစည်း"** များပေါ်ထွန်းရေးကို ဆောင်ရွက်ရမည်။

၄၃။ ဤဥပဒေအလို့ငှာ စက်မှုလုပ်ငန်းအုပ်စုများကို ဦးစားပေး အစီအစဉ်အရ ငွေကြေးထောက်ပံ့မှုများ ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၄၄။ အများပိုင်စက်မှုလုပ်ငန်းများနှင့် အစုရှယ်ယာဈေးကွက်များ ဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်ရမည်။

## အခန်း (၁၆)

## ဈေးကွက်တိုးချဲ့မှုအတွက် ပံ့ပိုးခြင်း

၄၅။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဈေးကွက်တိုးချဲ့မှု အထောက်အကူပြုရေးအတွက် ဓာတ်ခွဲခန်းများ၊ အမျိုးသားကုန်ထုတ်စွမ်းရည်မြှင့်တင်ရေးစင်တာနှင့် အမျိုးသားစံချိန်စံညွှန်းသတ်မှတ်ရေးကော်မတီ အစရှိသည်တို့ကို တည်ထောင်ခြင်း၊ လမ်းညွှန်ခြင်းများပြုလုပ်၍ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ရမည်။

၄၆။ ဆိပ်ကမ်းများနှင့် လေဆိပ်တို့တွင် ကုန်စည်ရှင်းလင်းရေးလုပ်ငန်းကို မြန်ဆန်စေသော လုပ်ထုံးလုပ်နည်းမူဘောင်များ သတ်မှတ်ပေးရမည်။

၄၇။ ဈေးကွက်တိုးချဲ့မှုအတွက် အထူးပံ့ပိုးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသည် **"နိုင်ငံကိုယ်စားပြုကုန်အမှတ်တံဆိပ်ဆိုင်ရာရန်ပုံငွေ"** ကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ထူထောင်ရမည်။

၄၈။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ထုတ်ကုန်ပစ္စည်းများအတွက် ကုန်အမှတ်တံဆိပ်၊ ဘားကုတ်တို့ကို နိုင်ငံတကာစံချိန်အရ ဈေးကွက်တွင်အသုံးချနိုင်ရန် အတည်ပြုထောက်ခံချက်ထုတ်ပေးနိုင်သည်။

၄၉။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းဆောင်ရွက်သူများ ပူးပေါင်း၍ ပြည်တွင်းပြည်ပကုန်စည်ပြပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကျင်းပခြင်းနှင့် မြန်မာနိုင်ငံကုန်အမှတ်တံဆိပ်ကို နိုင်ငံတကာဈေးကွက်ဝင်အောင် မိတ်ဆက်ခြင်းတို့ဆောင်ရွက်ရာတွင် ကုန်ကျသောစရိတ်၏ တစ်စိတ်တစ်ပိုင်းကို သက်ဆိုင်ရာရန်ပုံငွေမှ သင့်လျော်သလိုပံ့ပိုးကူညီရမည်။

## အခန်း (၁၇)

## အားနည်းသောအကြီးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ အားပေးမြှင့်တင်ခြင်း

၅၀။ အားနည်းသော်လည်း အလားအလာကောင်းသော အကြီးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန် အောက်ပါအတိုင်းဆောင်ရွက်ပေးရမည် -

(က) စက်မှုလုပ်ငန်းတစ်ခုသည် ငါးနှစ်ဆက်တိုက်အရှုံးပေါ်၍ ကုန်ထုတ်လုပ်မှုပမာဏသည် နှစ်ဆယ်ရာခိုင်နှုန်း သို့မဟုတ် ၎င်းအောက်လျော့ကျနေပါက တာဝန်ခံဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အားနည်းသော စက်မှုလုပ်ငန်းဟု ကြေညာချက် ထုတ်ပြန်နိုင်သည်။

(ခ) ထိုကဲ့သို့သော စက်မှုလုပ်ငန်းများအားချဲ့ထွင်ခြင်း၊ ပြောင်းလဲထုတ်လုပ်ခြင်းနှင့်ထုတ်ကုန်ရောင်းချခြင်းတို့အတွက် ပုဒ်မခွဲ (က) တွင်ရည်ညွှန်းထားသော စက်မှုလုပ်ငန်းများကို အားနည်းသောကာလသတ်မှတ်ပြီး ကုန်ဆုံးသည့်ရက်အထိ အခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

(ဂ) စက်မှုလုပ်ငန်း၏ အားနည်းသောကာလ ကုန်ဆုံးသည့်ရက်ကို စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီက သတ်မှတ်ပေးရမည်။

## အခန်း (၁၈)

## စစ်တမ်းကောက်ယူသုံးသပ်ခြင်းနှင့် သတင်းအချက်အလက်ထုတ်ပြန်ခြင်း

၅၁။ အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ချမှတ်သောမူဝါဒ၏ လက်တွေ့အကျိုးသက်ရောက်မှုနှင့် နောင်ပြုပြင်ရမည့် အချက်အလက်များသိရှိနိုင်ရန် တာဝန်ခံဝန်ကြီးဌာနသည် နိုင်ငံတော်ကထုတ်ပြန်ထားသော စာရင်းအင်း အချက်အလက်များကို အသုံးပြု၍

လည်းကောင်း၊ မိမိအစီအစဉ်ဖြင့် စစ်တမ်းကောက်ယူ၍လည်းကောင်း အောက်ဖော်ပြပါ စစ်တမ်းများကို တစ်နှစ်တစ်ကြိမ် ထုတ်ပြန်ရမည် -

(က) စက်မှုလုပ်ငန်း အမျိုးအစားအလိုက် စီးပွားရေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ပို့ကုန်သွင်းကုန်တန်ဖိုး၊ လူ့စွမ်းအားအရင်းအမြစ်အခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲနှင့် လိုအပ်ချက်များ၊

(ခ) စက်မှုလုပ်ငန်းများ အသစ်တည်ထောင်မှု သို့မဟုတ် ပိတ်သိမ်းမှု သို့မဟုတ် ဆန်းသစ်တီထွင်မှု အခြေအနေ၊

(ဂ) ချမှတ်ထားသော မူဝါဒ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများမှ ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် အချက်များ၊

(ဃ) ဈေးကွက်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ။

၅၂။ စက်မှုလုပ်ငန်းများ၏ တိုးတက်မှု၊ တီထွင်မှုနှင့် လုပ်ဆောင်ချက်များကို စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသူများနှင့် ပြည်သူလူထုသိရှိနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်နှင့် ပုံနှိပ်မီဒီယာများကို အသုံးပြု၍ သတင်းထုတ်ပြန်ခြင်း၊

(ခ) စက်မှုလုပ်ငန်းများဆိုင်ရာ အင်တာနက်ကွန်ရက်တည်ထောင်၍ စက်မှုလုပ်ငန်းများ အချင်းချင်း တို့တွင်လည်းကောင်း၊ လမ်းညွှန်ပံ့ပိုးသည့် အဖွဲ့အစည်းများနှင့် စက်မှုလုပ်ငန်းများအကြားတွင် လည်းကောင်း အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အကြံဉာဏ်တောင်းခံခြင်းနှင့် သတင်း အချက်အလက်ပံ့ပိုးခြင်းများ ပြုလုပ်စေခြင်း။

## အခန်း (၁၉)

## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ

၅၃။ ဦးစီးဌာနသည် ပုဒ်မ ၂ ပါ အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီ စက်မှုလုပ်ငန်းများကို အရွယ်အစားခွဲခြား သတ်မှတ်ရမည်။

၅၄။ ဦးစီးဌာနသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အကြီးစားစက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ခ) စက်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်စနစ် တည်ဆောက်လျက် လိုအပ်သော အကူအညီများ ပံ့ပိုးပေးခြင်း၊

(ဂ) မြေနေရာ၊ ချေးငွေ၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံများ ရယူလိုခြင်းအတွက် ထောက်ခံချက် ပေးခြင်း၊

(ဃ) လုပ်ငန်းစတင် တည်ထောင်လိုသူများအား အကြံဉာဏ်နှင့် သတင်းအချက်အလက်များပေးခြင်း၊

(င) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ညှိနှိုင်းလျက် စက်မှုလုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(စ) နိုင်ငံတကာစံသတ်မှတ်ချက်လက်မှတ်ရရှိသော ထုတ်ကုန်များ ထုတ်လုပ်ရေးကို အားပေးကူညီခြင်း၊

(ဆ) စက်မှုပြပွဲများနှင့် စက်မှုဆိုင်ရာဆွေးနွေးပွဲများ ကျင်းပနိုင်ရန် စီစဉ်အားပေး၍ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးပြီး စက်မှုအရင်းအမြစ်များ ဖော်ထုတ်ပေးခြင်းနှင့် အထောက် အကူပြု စက်မှုလုပ်ငန်းများတည်ထောင်ရန် အားပေးခြင်း။

၅၅။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၂ ပါ လိုအပ်ချက်များကို လုပ်ငန်းဆောင်ရွက်သူအား ခံစားခွင့်ရရှိ စေရန် စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီသို့တင်ပြ၍ ဆောင်ရွက်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးက တင်ပြလာသော အကြီးစားစက်မှုလုပ်ငန်း မှတ်ပုံတင်လျှောက်လွှာများကို ခွင့်ပြု မပြု အကြောင်း ပြန်ကြားရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ထုတ်ပေးထားသော အကြီးစားစက်မှုလုပ်ငန်းမှတ်ပုံတင်များကို ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရဖြစ်စေ၊ စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အကြောင်းကြားချက်အရဖြစ်စေ၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အကြီးစား စက်မှုလုပ်ငန်းမှတ်ပုံတင်ရန် လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်များနှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြခြင်း၊

(ခ) ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ အကြီးစားစက်မှုလုပ်ငန်းကို မှတ်ပုံတင်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်အညီ အသေးစား စက်မှုလုပ်ငန်းနှင့် အလတ်စားစက်မှုလုပ်ငန်းကို မှတ်ပုံတင်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ဦးစီးဌာန၏ လိုအပ်ချက်အရဖြစ်စေ၊ စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက် အရဖြစ်စေ စက်မှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခြင်း။

၅၇။ ခရိုင်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခရိုင်နယ်မြေအတွင်းရှိ အလတ်စားစက်မှုလုပ်ငန်းများအား မှတ်ပုံတင်ရန် လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးထံသို့ တင်ပြခြင်း၊

(ခ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်အညီ အသေးစား စက်မှုလုပ်ငန်းကို မှတ်ပုံတင်ပေးခြင်းနှင့် ငြင်းပယ်ရန်လိုအပ်ပါက တိုင်းဒေသကြီး ပြည်နယ် ဦးစီးမှူးထံတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဂ) စက်မှုလုပ်ငန်းများကို ဦးစီးဌာနတိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူး၏ ညွှန်ကြားချက်အရ ကွင်းဆင်းစစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များအား ပြန်လည်တင်ပြခြင်း၊

(ဃ) ခရိုင်နယ်မြေအတွင်းရှိ စက်မှုလုပ်ငန်းများထံမှ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် မှတ်ပုံတင် သက်တမ်းတိုးကြေးတို့ကို ကောက်ခံ၍ ဘဏ္ဍာသို့ပေးသွင်းခြင်း။

၅၈။ လုပ်ငန်းဆောင်ရွက်သူအား ကြိုတင်ခွင့်ပြုချက် သို့မဟုတ် ယာယီမှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင် သို့မဟုတ် မှတ်ပုံတင်လျှောက်ထားရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးရမည်။

## အခန်း (၂၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်

၅၉။ အကြီးစားစက်မှုလုပ်ငန်းကို လုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ည)၊ (ဠ) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်တစ်ရာသိန်းထိ ချမှတ်ခြင်းခံရမည်။

၆၀။ အသေးစားစက်မှုလုပ်ငန်း သို့မဟုတ် အလတ်စားစက်မှုလုပ်ငန်းကို လုပ်ကိုင်သူမည်သူမဆို ပုဒ်မ ၂၁ ပုဒ်မခွဲ (ည) နှင့် (ဠ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်ငါးဆယ်သိန်းထိ ချမှတ်ခြင်းခံရမည်။

၆၁။ ပုဒ်မ ၅၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင် ကျပ် ငါးသောင်းနှုန်း ငွေဒဏ်ဖြင့် ကျူးလွန်သည့်ကာလအများဆုံး ရက်ကိုးဆယ်အထိ ဒဏ်ရိုက်ခြင်းခံရမည်။ ၎င်းရက်ထက်ကျော်လွန်ပါက ပိတ်သိမ်းခြင်း အပြစ်ဒဏ်ခံရမည်။

၆၂။ ပုဒ်မ ၆၀ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင် ကျပ်နှစ်သောင်းနှုန်း ငွေဒဏ်ဖြင့် ကျူးလွန်သည့်ကာလ အများဆုံး ရက်ကိုးဆယ်အထိ ဒဏ်ရိုက်ခြင်းခံရမည်။ ၎င်းရက်ထက်ကျော်လွန်ပါက ပိတ်သိမ်းခြင်း အပြစ်ဒဏ်ခံရမည်။

၆၃။ ညွှန်ကြားရေးမှူးချုပ်သည် လုပ်ငန်းဆောင်ရွက်သူက ပုဒ်မ ၂၁ ပုဒ်မခွဲ (ဈ) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဂ) စက်မှုလုပ်ငန်းမှတ်ပုံတင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၆၄။ ပုဒ်မ ၅၉၊ ၆၀၊ ၆၁၊ ၆၂ နှင့် ၆၃ အရ အရေးယူမှုများ မပြုလုပ်မီတွင် သက်ဆိုင်ရာစက်မှုလုပ်ငန်းရှင်ကို အမှားပြင်ဆင်ခြင်း သို့မဟုတ် ရှင်းလင်းတင်ပြခြင်း ဆောင်ရွက်ခွင့်ပေးရမည်။

၆၅။ စက်မှုဇုန်များအတွင်း ဖြစ်ပေါ်နေသော စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီ၏ ဆုံးဖြတ်ချက်အရ တာဝန်ခံဝန်ကြီး ဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

## အခန်း (၂၁)
## အထွေထွေ

၆၆။ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်ဦးစီးဌာနမှူးသည် ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အကူအညီကို တောင်းခံရယူနိုင်သည်။

၆၇။ ပုဒ်မ ၅၉၊ ၆၀၊ ၆၁၊ ၆၂ နှင့် ၆၃ အရ တပ်ရိုက်သည့် ဒဏ်ကြေးကို သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူက ပေးဆောင်ရန် ပျက်ကွက်လျှင် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ယင်းဒဏ်ကြေးကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အပြည့်အဝရရှိသည်အထိ ကောက်ခံရမည်။

၆၈။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သောကိစ္စအတွက် စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၆၉။ မည်သည့်ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများကိုမျှ နိုင်ငံပိုင် မပြုလုပ်စေရ။

၇၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် တာဝန်ခံဝန်ကြီးဌာနသည် -

(က) နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၁။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၂/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

**ဘွိုင်လာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ဘွိုင်လာဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ဘွိုင်လာဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉ ။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဘွိုင်လာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဘွိုင်လာ**ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကို ပြင်ပ၌အသုံးပြုရန် အပူရှိန်ဖြင့် ရေနွေးငွေ့ထုတ်လုပ်ပေးသည့် အလုံပိတ်ဖိအားခံအိုးနှင့် ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ၂၅ လီတာ သို့မဟုတ် ၅.၅ ဂါလန်အောက်လျော့နည်း၍ ဝင်ဆံ့သောဖိအားခံအိုး၊ တစ်စတုရန်းစင်တီမီတာပေါ်တွင် တစ်ကီလိုဂရမ်ဖိအား သို့မဟုတ် တစ်စတုရန်းလက်မပေါ်တွင် ၁၄.၂ ပေါင် ဖိအားအောက်လျော့နည်းသော ဖိအားခံအိုးနှင့် ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းများ မပါဝင်။

(ခ) **ရေနွေးငွေ့ပိုက်**ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကို အသုံးပြုမည့်နေရာသို့ ရေနွေးငွေ့ပို့လွှတ်ရန် ဘွိုင်လာမှ သွယ်တန်းထားသောပင်မပိုက်နှင့် ယင်းပင်မပိုက်တွင် တပ်ဆင်ထားသောပစ္စည်းကိရိယာတို့ကို ဆိုသည်။

(ဂ) **ရေသွင်းပိုက်**ဆိုသည်မှာ ဘွိုင်လာအတွင်းသို့ ဘွိုင်လာသုံးရေ ဖြတ်သန်းသွားသည့် ဖိအားခံရသောပိုက်နှင့် ယင်းပိုက်တွင် တပ်ဆင်ထားသော ပစ္စည်းကိရိယာတို့ကို ဆိုသည်။

(ဃ) **ဖိအား**ဆိုသည်မှာ ဤဥပဒေအလို့ငှာ ရေနွေးငွေ့စွမ်းအင်ကို အသုံးပြုရန် အပူရှိန်ဖြင့်ထုတ်လုပ်ပေးသည့် ရေနွေးငွေ့ဖိအားကို ဆိုသည်။

(င) **ခွင့်ပြုဖိအား**ဆိုသည်မှာ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးတွက်ချက်၍ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်နှင့် ရေသွင်းပိုက်တို့တွင် အသုံးပြုရန် ခွင့်ပြုသောဖိအားကို ဆိုသည်။

(စ) **မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း**ဆိုသည်မှာ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခု ပေါက်ကွဲခြင်း သို့မဟုတ် ခိုင်မာမှုဆုတ်ယုတ်ခြင်းကြောင့် ပေါက်ကွဲစေနိုင်သော ယိုယွင်းမှု ဖြစ်ပေါ်ခြင်းကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စက်မှုဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဈ) **စစ်ဆေးရေးမှူးချုပ်**ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာစစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

(ည) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာစစ်ဆေးရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

(ဋ) **အသုံးပြုခွင့်လက်မှတ်**ဆိုသည်မှာ သတ်မှတ်သောခွင့်ပြုဖိအားဖြင့် တစ်နှစ်ထက်မကျော်သည့် ကာလအတွက် ဘွိုင်လာကိုအသုံးပြုရန်စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်။

(ဌ) **ယာယီအသုံးပြုခွင့်လက်မှတ်**ဆိုသည်မှာ အသုံးပြုခွင့်လက်မှတ်မရရှိမီ သင့်လျော်သောခွင့်ပြုဖိအားဖြင့် ခြောက်လထက်မကျော်သည့်ကာလအတွက် ဘွိုင်လာကို အသုံးပြုရန် စစ်ဆေးရေးမှူးက ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

(ဍ) **ပိုင်ရှင်**ဆိုသည်မှာ ဘွိုင်လာကိုပိုင်ဆိုင်သူ၊ ၎င်း၏ ကိုယ်စားလှယ်အဖြစ်ဖြင့် ဘွိုင်လာကို အသုံးပြုသူ၊ ဘွိုင်လာကို အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမပါဘဲဖြစ်စေ ငှားရမ်း၍အသုံးပြုသူနှင့် ဘွိုင်လာ အသုံးပြုခြင်းကို ကြီးကြပ်ကွပ်ကဲသူတို့ကို ဆိုသည်။

(ဎ) **ဘွိုင်လာထုတ်လုပ်သူ**ဆိုသည်မှာ ဘွိုင်လာ၊ ဘွိုင်လာနှင့် ဆက်စပ်သည့် ဖိအားခံအစိတ်အပိုင်းများကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်သူကို ဆိုသည်။

(ဏ) **ဘွိုင်လာပြုပြင်သူလက်မှတ်**ဆိုသည်မှာ ဘွိုင်လာပြုပြင်ခြင်းဆိုင်ရာလုပ်ငန်းတွင် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်သူအား စစ်ဆေးရေးမှူးချုပ်က နှစ်နှစ်ထက် မကျော်သည့်ကာလအတွက် ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(တ) **ဘွိုင်လာပြုပြင်သူ**ဆိုသည်မှာ ဘွိုင်လာပြုပြင်ခြင်းဆိုင်ရာလုပ်ငန်းတွင် လက်တွေ့လုပ်ကိုင် ဆောင်ရွက်နေသော ဘွိုင်လာပြုပြင်သူလက်မှတ်ရရှိထားသူကို ဆိုသည်။

(ထ) **ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်**ဆိုသည်မှာ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတွင်သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသူအား စစ်ဆေးရေးမှူးချုပ်ကထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဒ) **ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ**ဆိုသည်မှာ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် လက်တွေ့ လုပ်ကိုင်ဆောင်ရွက်နေသော ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ရရှိထားသူကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်ညီညွတ်သောဘွိုင်လာများ ရရှိစေရန်၊

(ခ) ဘွိုင်လာမတော်တဆထိခိုက်မှု ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့ နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရန်၊

(ဂ) နိုင်ငံတော်အတွင်း ဘွိုင်လာများအား မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ အသုံးပြုစေရန်၊

(ဃ) ဘွိုင်လာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘွိုင်လာများ ထုတ်လုပ်၊ ပြုပြင်၊ ကိုင်တွယ် ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သူများ တိုးတက်ပေါ်ပေါက်စေရန်၊

(င) လောင်စာစွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းဖြင့် ဘွိုင်လာများစွမ်းရည်ပြည့် အသုံးပြုနိုင်စေရန်၊

(စ) ဘွိုင်လာများသက်တမ်းကြာရှည်စွာ အသုံးပြုနိုင်စေရန်နှင့်ယင်းတို့ကြောင့်သဘာဝလူမှုကျန်းမာရေး ဆိုင်ရာ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျှော့ချနိုင်စေရန်။

## အခန်း (၃)
## ဘွိုင်လာစံချိန်စံညွှန်းများနှင့် ဘွိုင်လာစစ်ဆေးမှုနည်းစနစ်များ

၄။ စစ်ဆေးရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် -

(က) ဤဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအရ ဘွိုင်လာအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် အညီ စစ်ဆေးမှုနည်းစနစ်နှင့် ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်။

(ခ) အတည်ပြုသတ်မှတ်ထားသော ဘွိုင်လာစံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များအရ စစ်ဆေး ရရှိသည့် ရလဒ်များသည်သာ အတည်ဖြစ်သည်။

## အခန်း (၄)
## ဘွိုင်လာမှတ်ပုံတင်ခြင်း

၅။ လုပ်ငန်းတစ်ရပ်ရပ်အတွက် ဘွိုင်လာကို အသုံးပြုလိုသူသည် ဤဥပဒေအရ မှတ်ပုံတင်ရမည်။

၆။ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသော ဘွိုင်လာဖြစ်ရမည်။

၇။ ပုဒ်မ ၅ အရ ဘွိုင်လာမှတ်ပုံတင်ပေးရန် လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ ဘွိုင်လာနှင့် သက်ဆိုင်သည့် အထောက်အထားများ၊ သက်သေခံလက်မှတ်များ ပူးတွဲ၍ စစ်ဆေးရေးမှူးထံ တင်ပြရမည်။

၈။ ပုဒ်မ ၇ အရ ဘွိုင်လာမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ စစ်ဆေးရေးမှူးသည် ဘွိုင်လာကို လိုအပ်သော စိစစ်မှု၊ စစ်ဆေးမှုများပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက်ကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

၉။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၈ အရ စစ်ဆေးရေးမှူး၏တင်ပြချက်ကို လိုအပ်သလို စိစစ်ခြင်း၊ စစ်ဆေးခြင်းပြုလုပ်ပြီး သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဘွိုင်လာမှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၀။ စစ်ဆေးရေးမှူးချုပ်သည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဘွိုင်လာအရွယ်အစားကို မီးရှိန်ရ မျက်နှာပြင်ဧရိယာအလိုက် သတ်မှတ်ရမည်။

၁၁။ ဝန်ကြီးဌာနသည် မီးရှိန်ရမျက်နှာပြင်ဧရိယာအလိုက် ဘွိုင်လာမှတ်ပုံတင်ကြေးနှင့် စစ်ဆေးခနှုန်းထား တို့ကို သတ်မှတ်ပေးရမည်။

## အခန်း (၅)
## ပိုင်ရှင်၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၂။ ပိုင်ရှင်သည် မှတ်ပုံမတင်ရသေးသော ဘွိုင်လာကို -

(က) အသုံးပြုခွင့်လက်မှတ်ရရှိရေးအတွက် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ထားသည့် ဘွိုင်လာကိုသာ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားသည့်အခါ သတ်မှတ်သော အခကြေးငွေကို ပေးဆောင်ရမည်။

၁၃။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် ပျက်ပြယ်သည့်ဘွိုင်လာကို -

(က) ဆက်လက်အသုံးပြုနိုင်ရေးအတွက် အသုံးပြုခွင့်လက်မှတ်အသစ်ကို ထုတ်ပေးရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားသည့်အခါ သတ်မှတ်သောအခကြေးငွေကို ပေးဆောင်ရမည်။

၁၄။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ရရှိထားစေကာမူ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ ကြိုတင် လျှောက်ထားရမည် -

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက် ပိုမိုသုံးစွဲခြင်း၊

(ခ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်လဲလှယ်ခြင်း။

၁၅။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းက လိုအပ်၍ တောင်းဆိုသည့်အခါ တင်ပြရမည်။

၁၆။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ရပ်ရပ်ကြောင့် ပျက်ပြယ်ပါက အဆိုပါလက်မှတ်ကို သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ ၁၅ ရက်အတွင်း ပြန်လည်အပ်နှံရမည်။

၁၇။ ဘွိုင်လာကို ပိုင်ရှင်တစ်ဦးမှတစ်ဦးသို့ လွှဲပြောင်းပေးအပ်သည့်အခါ မူလပိုင်ရှင်သည် မိမိ၏ အသုံးပြုခွင့် လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို လွှဲပြောင်းပေးအပ်ရမည်။ ထိုသို့လွှဲပြောင်းပေးအပ်ပြီး ကြောင်းကို လွှဲပြောင်းပေးအပ်သည့် နေ့ရက်မှစ၍ ၁၅ ရက်အတွင်း စစ်ဆေးရေးမှူးထံစာဖြင့် အကြောင်း ကြားရမည်။

၁၈။ ပိုင်ရှင်သည် မတော်တဆထိခိုက်မှုဖြစ်ပွားပါက သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ အမြန်ဆုံးအကြောင်း ကြားရမည်။

၁၉။ ပိုင်ရှင်သည် -

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက်ကျော်လွန်၍ မသုံးရ၊

(ခ) ခွင့်ပြုဖိအားထက် ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲရန်စေခိုင်းခြင်း မပြုလုပ်ရ၊

(ဂ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) ပါကိစ္စကို ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

၂၀။ ပိုင်ရှင်သည် အောက်ဖော်ပြပါ ဘွိုင်လာကို အသုံးမပြုရ -

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်မရှိသော ဘွိုင်လာ၊

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်သည့်ဘွိုင်လာ၊

(ဂ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ရုပ်သိမ်းခံရသည့်ဘွိုင်လာ။

၂၁။ ပိုင်ရှင်သည် စစ်ဆေးရေးမှူးချုပ် သတ်မှတ်ပေးသည့် မှတ်ပုံတင်အမှတ်ကို သတ်မှတ်သောနည်းလမ်း နှင့်အညီ ဘွိုင်လာတွင် ထွင်းထားရမည်။

၂၂။ ပိုင်ရှင်သည် -

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ရရှိပါက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဘွိုင်လာကို အသုံးပြုခွင့်ရှိသည်။

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်၏ သက်တမ်းကို ပြောင်းလဲလိုသဖြင့် စစ်ဆေးခြင်းကို ခံယူလိုပါက ယင်းလက်မှတ်သက်တမ်းမကုန်ဆုံးမီ ကြိုတင်၍ စစ်ဆေးခံရန် လျှောက်ထားနိုင်သည်။

၂၃။ ပိုင်ရှင်သည် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မကျေနပ်ပါက စစ်ဆေးရေးမှူးထံမှ အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စစ်ဆေးရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်-

(က) စစ်ဆေးရေးမှူး၏ ဆုံးဖြတ်ချက်၊

(ခ) စစ်ဆေးရေးမှူးက အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရေးနှင့်စပ်လျဉ်း၍ ထောက်ခံရန်ငြင်းပယ်ခြင်း သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၄။ ပိုင်ရှင်သည် -

(က) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် အသစ်လဲရန် ညွှန်ကြားချက်ရရှိပါက ယင်းလုပ်ငန်းများကို ဘွိုင်လာပြုပြင်သူလက်မှတ် မရှိသူများနှင့် မပြုလုပ်ရ။

(ခ) မိမိလုပ်ငန်းသုံး ဘွိုင်လာကို ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူများမှတစ်ပါး အခြားသူများကို တာဝန်ပေးမောင်းနှင်ခြင်းမပြုရ။

## အခန်း (၆)
## ဘွိုင်လာထုတ်လုပ်သူနှင့် တင်သွင်းသူများ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၅။ ဘွိုင်လာ ထုတ်လုပ်သူသည် -

(က) ဝန်ကြီးဌာနသို့ လျှောက်ထား၍ ခွင့်ပြုချက်ရရှိမှသာ ထုတ်လုပ်မှုကို ဆောင်ရွက်ရမည်။

(ခ) ထုတ်လုပ်ခွင့်ရရှိပါက မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများသာ ထုတ်လုပ်ရမည်။

(ဂ) ဘွိုင်လာထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သည့် နည်းပညာနှင့် သွင်းအားစုများကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများထံ လျှောက်ထားခွင့်ရှိသည်။

၂၆။ ဘွိုင်လာတင်သွင်းသူသည် ပြည်ပမှ ဘွိုင်လာများကိုတင်သွင်းရာတွင် မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ညီညွတ်သော ဘွိုင်လာများကိုသာ တင်သွင်းရမည်။

## အခန်း (၇)
## ဘွိုင်လာပြုပြင်သူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၇။ (က) ဘွိုင်လာပြုပြင်သူလက်မှတ်ရရှိလိုသူသည် သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဘွိုင်လာပြုပြင်သူသည် ဘွိုင်လာပြုပြင်သူလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၂၈။ ဘွိုင်လာပြုပြင်သူသည် -

(က) စစ်ဆေးရေးမှူးက ပြုပြင်ရန်ညွှန်ကြားစာ ထုတ်ပေးထားသည့် ဘွိုင်လာကို ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ပြုပြင်ခွင့်ရှိသည်။

(ခ) စစ်ဆေးရေးမှူးက ပြုပြင်ရန် ညွှန်ကြားစာ ထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို မိမိ၏ဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်၏ အပ်နှံချက်အရဖြစ်စေ ပြုပြင်ခြင်းမပြုရ။

## အခန်း (၈)

## ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၉။ (က) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ် ရရှိလိုသူသည် သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၃၀။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် -

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ထုတ်ပေးထားသည့် ဘွိုင်လာကို ပိုင်ရှင်၏သဘောတူညီချက်ဖြင့် ကိုင်တွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှ တာဝန်ပေးအပ်ချက်အရဖြစ်စေ ကိုင်တွယ်ထိန်းသိမ်းခြင်း မပြုရ။

၃၁။ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူသည် ဘွိုင်လာကို ခွင့်ပြုဖိအားထက် ကျော်လွန်၍မသုံးရ။

## အခန်း (၉)

## စစ်ဆေးရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၂။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ပေးရန် ပိုင်ရှင်ထံမှ လျှောက်လွှာကို လက်ခံရရှိသည့်အခါ -

(က) လျှောက်လွှာကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ၁၅ ရက်အတွင်း ဘွိုင်လာကို စစ်ဆေးရမည်။ စစ်ဆေးမည့်ရက်ကို အနည်းဆုံး ၅ ရက်ကြိုတင်၍ ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဘွိုင်လာကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ရန် ခွင့်ပြုသင့်သည်ဟုယူဆပါက သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးနိုင်သည်။ ထိုသို့ထုတ်ပေးသည့်အခါ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

(ဂ) ဘွိုင်လာကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့်သည်ဟုယူဆလျှင်ဖြစ်စေ၊ မှတ်ပုံတင်ပေးရန်မသင့်ဟု ယူဆလျှင်ဖြစ်စေ ပိုင်ရှင်ထံစာဖြင့် အမြန်ဆုံးအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးမှူးချုပ်အား အစီရင်ခံရမည်။

၃၃။ စစ်ဆေးရေးမှူးသည် စစ်ဆေးရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ထပ်မံ၍စစ်ဆေးခြင်းပြုလုပ်ပြီးနောက် အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန် သင့်မသင့်နှင့်စပ်လျဉ်း၍ ယာယီအသုံးပြုခွင့်လက်မှတ် သက်တမ်းမကုန်မီ စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။ အသုံးပြုခွင့်လက်မှတ် ထုတ်ပေးသင့်သည်ဟု ယူဆပါက ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကို ပူးတွဲတင်ပြရမည်။

၃၄။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အသုံးပြုခွင့်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ပိုင်ရှင်ထံမှ လျှောက်လွှာကို လက်ခံရရှိသည့်အခါ -

(က) လျှောက်လွှာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ၁၅ ရက်အတွင်း ဘွိုင်လာကို စစ်ဆေးရမည်။ စစ်ဆေးမည့်ရက်ကို အနည်းဆုံး ၅ ရက်ကြိုတင်၍ ပိုင်ရှင်ထံအကြောင်းကြားရမည်။

(ခ) အသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးသင့်သည်ဟုယူဆပါက စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထား မှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကို ပူးတွဲတင်ပြရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ထားဆဲတွင် သင့်လျော်သောခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့် လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၅။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လျှောက်လွှာကို လက်ခံရရှိပြီးနောက် ဘွိုင်လာကို စစ်ဆေးသည့်အခါ အောက်ပါအချက်တစ်ရပ်ရပ်တွေ့ရှိပါက မိမိ၏ တွေ့ရှိချက်ကို ပိုင်ရှင်ထံစာဖြင့် အမြန်ဆုံး အကြောင်းကြားရမည့်အပြင် စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည် -

(က) အသုံးပြုခွင့်လက်မှတ် သက်တမ်းကို လျှော့ချရန် လိုအပ်ခြင်း၊

(ခ) ခွင့်ပြုဖိအား တိုးမြှင့်ရန် သို့မဟုတ် လျှော့ချရန် လိုအပ်ခြင်း၊

(ဂ) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက် သို့မဟုတ် ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ ပိုက် သို့မဟုတ် ရေသွင်းပိုက်တစ်ခုခုတွင်တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကို ဖြစ်စေ၊ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် အသစ်လဲရန်လိုအပ်ခြင်း၊

(ဃ) ဘွိုင်လာ၏ အခြေအနေသည် ပြုပြင်သုံးစွဲ၍ မရနိုင်လောက်အောင် ယိုယွင်းနေသဖြင့် ဆက်လက် အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိခြင်း။

၃၆။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၄ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ မိမိ၏ သဘောထား မှတ်ချက်နှင့်အတူ လျှောက်လွှာကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။ ယင်းနောက် စစ်ဆေးရေးမှူးချုပ်က ညွှန်ကြားသည့်အတိုင်း စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ ပြန်လည်တင်ပြရမည်။

၃၇။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၃၄ အရဖြစ်စေ၊ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) နှင့် (ခ) အရဖြစ်စေ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံထားစဉ်အတွင်း သင့်လျော်သောခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့် လက်မှတ်ကို ထုတ်ပေးနိုင်သည်။ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ အချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ပါက ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးခြင်းမပြုရ။

၃၈။ စစ်ဆေးရေးမှူးသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ -

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်းရှိ ဘွိုင်လာကို စစ်ဆေးနိုင်သည်။

(ခ) စစ်ဆေးရေးမှူးချုပ်၏ တာဝန်ပေးချက်အရ မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆို စစ်ဆေး နိုင်သည်။

၃၉။ စစ်ဆေးရေးမှူးသည် မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ -

(က) ဘွိုင်လာပြုပြင်သူလက်မှတ် သို့မဟုတ် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ထုတ်ပေးရန် လျှောက်လွှာကိုလက်ခံရရှိပါက စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ ပြုပြင်မှုများဆောင်ရွက်နေကြောင်း သို့မဟုတ် ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူလက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ်ထိန်းသိမ်းနေကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

(ဂ) ပြုပြင်ရန်ညွှန်ကြားစာ ထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို ဘွိုင်လာပြုပြင်သူတစ်ဦးဦးက ပြုပြင်မှုများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

၄၀။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၃၈ ပါ တာဝန်ကို ထမ်းဆောင်ရာတွင် ဘွိုင်လာတည်ရှိသောမည်သည့် အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

## အခန်း (၁၀)

## စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄၁။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ)နှင့် (ဂ) တို့အရ ဘွိုင်လာကိုမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးရေးမှူးကတင်ပြသော စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကိုစိစစ်ပြီး -

(က) ခွင့်ပြုဖိအားကို သတ်မှတ်၍ ဘွိုင်လာကို မှတ်ပုံတင်ပေးနိုင်သည်။

(ခ) ဘွိုင်လာကို မှတ်ပုံတင်ပေးရန် ငြင်းဆိုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ချမှတ်သောဆုံးဖြတ်ချက်ကို စစ်ဆေးရေးမှူးထံမှ တင်ပြချက် ရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ပိုင်ရှင်ထံ အကြောင်းကြားရမည်။

၄၂။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၃ အရဖြစ်စေ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ) အရဖြစ်စေ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ -

(က) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးသင့်သည်ဟုယူဆပါက စစ်ဆေးရေးမှူးက တင်ပြသည့်အသုံးပြုခွင့် လက်မှတ်တွင် ထပ်ဆင့်လက်မှတ်ရေးထိုးပြီး ပိုင်ရှင်ထံပေးပို့ရမည်။

(ခ) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန်မသင့်ဟု ယူဆပါက ဘွိုင်လာတွင်လိုအပ်သောပြုပြင် ပြောင်းလဲမှုများပြုလုပ်ရန်ညွှန်ကြားပြီး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဘွိုင်လာ၏ အခြေအနေကို ပြန်လည်တင်ပြရန် စစ်ဆေးရေးမှူးကို ညွှန်ကြားနိုင်သည်။

၄၃။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပိုင်ရှင်က လိုက်နာခြင်း မရှိကြောင်း စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါ ဘွိုင်လာအသုံးပြုခြင်းကို ယာယီရပ်ဆိုင်း နိုင်သည်။

၄၄။ စစ်ဆေးရေးမှူးချုပ်သည် -

(က) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ စစ်ဆေးရေးမှူးကို လိုအပ်သလိုညွှန်ကြားရမည့်အပြင် ယင်းညွှန်ကြားချက်ကို ပိုင်ရှင်ထံ ၁၅ ရက် အတွင်း စာဖြင့်အကြောင်းကြားရမည်။

(ခ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဃ) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါ သင့်လျော်သော စစ်ဆေးရေးမှူးသုံးဦး ပါဝင်သည့်အဖွဲ့ဖြင့် လိုအပ်သလိုစစ်ဆေးစေပြီး တွေ့ရှိချက်ကိုမိမိထံအစီရင်ခံ စေရမည်။ အစီရင်ခံစာရရှိသည့်အခါ သက်ဆိုင်ရာစစ်ဆေးရေးမှူးကို လိုအပ်သလိုညွှန်ကြားရမည့် အပြင် ယင်းညွှန်ကြားချက်ကို ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

၄၅။ စစ်ဆေးရေးမှူးချုပ်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို မသမာသောနည်းလမ်းဖြင့် ရရှိထားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းလက်မှတ်ကို ရုပ်သိမ်းရမည်။

၄၆။ စစ်ဆေးရေးမှူးချုပ်သည် မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆိုစစ်ဆေးရန် စစ်ဆေးရေးမှူး တစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

၄၇။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၃ အရ ပိုင်ရှင်ကလျှောက်ထားသည့်အခါစိစစ်ပြီး အဆုံးအဖြတ် ပေးရမည်။ ထိုဆုံးဖြတ်ချက်ကို ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

၄၈။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၅ နှင့် ၂၆ တို့အရ ဘွိုင်လာထုတ်လုပ်ခြင်းနှင့်ပြည်ပမှတင်သွင်းခြင်းကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်ညီညွတ်မှု ရှိ မရှိစစ်ဆေးပြီး ညီညွတ်မှု မရှိပါက ထုတ်လုပ်ခွင့်ကို ငြင်းပယ်ရန်နှင့် တင်သွင်းလာသည့်ဘွိုင်လာ၏ မှတ်ပုံတင်ခွင့်ကို ငြင်းပယ်ရမည်။

၄၉။ စစ်ဆေးရေးမှူးချုပ်သည် ဝန်ကြီးဌာန၏တာဝန်ပေးချက်အရ ဘွိုင်လာထုတ်လုပ်ခြင်း၊ ဘွိုင်လာနှင့် ဆက်စပ်သည့် ဖိအားခံအစိတ်အပိုင်းများထုတ်လုပ်ခြင်းတို့ကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်

ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စိစစ်၍ ထုတ်လုပ်ခွင့်ပြုခြင်း သို့မဟုတ် ထုတ်လုပ်ခွင့်ပြုရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၅၀။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ စစ်ဆေးရေးမှူးထံမှတင်ပြချက်ကို ရရှိသည့်အခါ ဘွိုင်လာပြုပြင်သူလက်မှတ်ကိုဖြစ်စေ၊ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကိုဖြစ်စေ ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၁။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ ဘွိုင်လာပြုပြင်သူလက်မှတ်ကို ပြန်လည်ရုပ်သိမ်းရမည်။

၅၂။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဘွိုင်လာပြုပြင်သူနှင့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူတို့၏ လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၁)
## အသုံးပြုခွင့် လက်မှတ်နှင့် ယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်ခြင်း

၅၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အသုံးပြုခွင့်လက်မှတ်သည်လည်းကောင်း၊ ယာယီ အသုံးပြုခွင့်လက်မှတ်သည်လည်းကောင်း ပျက်ပြယ်သည် -

(က) လက်မှတ်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း၊

(ဂ) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေ နိုင်သော ယိုယွင်းမှုကြောင့် ပြုပြင်ရန်လိုအပ်သဖြင့် ဘွိုင်လာကို အသုံးမပြုရန် စစ်ဆေးရေးမှူးချုပ် သို့မဟုတ် စစ်ဆေးရေးမှူးက ပိုင်ရှင်ထံ အကြောင်းကြားခြင်း၊

(ဃ) မီးရှိန်ရမျက်နှာပြင် ဧရိယာ ၁၈.၆ စတုရန်းမီတာ သို့မဟုတ် ၂၀၀ စတုရန်းပေအောက် လျော့နည်းသော အလွယ်တကူရွှေ့ပြောင်းနိုင်သည့် ဘီးတပ်ထားသော ဘွိုင်လာမှတစ်ပါး အခြား ဘွိုင်လာကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်း၊

(င) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုတွင်တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်လဲခြင်း၊

(စ) ဘွိုင်လာကို လုံလောက်သောစစ်ဆေးမှုလုပ်ငန်းစဉ်များမပြုလုပ်ဘဲ အသုံးပြုခွင့်လက်မှတ်ကိုဖြစ်စေ၊ ယာယီအသုံးပြုခွင့်လက်မှတ်ကိုဖြစ်စေ ထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရခြင်း။

## အခန်း (၁၂)
## အယူခံခြင်း

၅၄။ ဝန်ကြီးဌာနသည် အယူခံမှုများကြားနာနိုင်ရေးအတွက် စက်မှုအတတ်ပညာရှင် အနည်းဆုံးနှစ်ဦး ပါဝင်သည့် သင့်လျော်သော အဖွဲ့ဝင်သုံးဦးဖြင့် အယူခံအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၅။ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံအဖွဲ့သို့ အယူခံနိုင်သည် -

(က) ဘွိုင်လာကို မှတ်ပုံတင်ပေးရန် ငြင်းဆိုခြင်း၊

(ခ) အသုံးပြုခွင့်လက်မှတ်ထုတ်ပေးရန် ငြင်းဆိုခြင်း၊

(ဂ) အသုံးပြုခွင့်လက်မှတ် သက်တမ်းကို လျှောက်ထားသည့် ကာလအပိုင်းအခြားအောက်လျှော့နည်း၍ သတ်မှတ်ခြင်း၊

(ဃ) ပိုင်ရှင်လျှောက်ထားသော ခွင့်ပြုဖိအားကို သတ်မှတ်ပေးရန် ငြင်းဆိုခြင်း၊

(င) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(စ) အသုံးပြုခွင့်လက်မှတ်တွင်ပါရှိသည့် ခွင့်ပြုဖိအား သို့မဟုတ် သက်တမ်းကို လျှော့ချခြင်း၊

(ဆ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)အရ လျှောက်ထားချက်ကို ဆောင်ရွက်ပေးရန် ငြင်းဆိုခြင်း၊

(ဇ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကို ဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ပြောင်းလဲစေခြင်း၊ ဖြည့်စွက်စေခြင်း၊ အသစ်လဲစေခြင်း၊

(ဈ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်ခွင့်၊ ပြောင်းလဲခွင့်၊ ဖြည့်စွက်ခွင့်၊ အသစ်လဲခွင့်ပြုရန် လျှောက်ထား ချက်ကို ငြင်းပယ်ခြင်း၊

(ည) ဘွိုင်လာထုတ်လုပ်ခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဋ) ဘွိုင်လာသုံးစွဲခွင့်ကို ငြင်းပယ်ခြင်း၊

(ဌ) ဘွိုင်လာပြုပြင်သူလက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဍ) ဘွိုင်လာပြုပြင်သူလက်မှတ်ကို ရုပ်သိမ်းခြင်း၊

(ဎ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဏ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို ရုပ်သိမ်းခြင်း။

၅၆။ အယူခံအဖွဲ့သည် စစ်ဆေးရေးမှူးချုပ်၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၇။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၈။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်ကို သက်ဆိုင်သူများထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

## အခန်း (၁၃)

## တားမြစ်ချက်

၅၉။ မည်သူမျှ ပုဒ်မ ၂၁ အရ ထွင်းထားသည့်မှတ်ပုံတင်အမှတ်ကို မရိုးမဖြောင့်သောသဘောဖြင့် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ခြင်း၊ ပုံသဏ္ဌာန်ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် မမြင်နိုင်စေရန် ပြုလုပ်ခြင်းမပြုရ။

၆၀။ မည်သူမျှ ဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ ဘွိုင်လာကို မပြုပြင်ရ။

၆၁။ မည်သူမျှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ်ထိန်းသိမ်းခြင်းမပြုရ။

၆၂။ မည်သူမျှ ခွင့်ပြုဖိအားထက် ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်း အဆို့ရှင်ကို မိမိဆန္ဒ အလျောက်ဖြစ်စေ၊ ပိုင်ရှင်မှ တာဝန်ပေးအပ်ချက်အရဖြစ်စေ၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

၆၃။ မည်သူမျှ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်ကိုဆန့်ကျင်၍ ဘွိုင်လာ ထုတ်လုပ်ခြင်းမပြုရ။

## အခန်း (၁၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၆၄။ ပိုင်ရှင်သည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၅။ ပိုင်ရှင်သည် ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၆။ ပိုင်ရှင်သည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန်အားထုတ်ကြောင်း သို့မဟုတ် ကျူးလွန်ရာတွင်အားပေးကူညီကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံးနှစ်နှစ်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံးကျပ်သိန်းတစ်ရာအထိ ချမှတ်နိုင်သည်။

၆၈။ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၉။ ဘွိုင်လာပြုပြင်သူသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၆၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန်အားထုတ်ကြောင်း သို့မဟုတ် ကျူးလွန်ရာတွင် အားပေး ကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ကျခံစေရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးနှစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ချမှတ်နိုင်သည်။

၇၃။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

## အခန်း (၁၅)
## ကင်းလွတ်ခွင့်

၇၄။ ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော အောက်ပါတို့ကို ဤဥပဒေအရ ဆောင်ရွက် ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) အဆောက်အအုံတွင် အပူငွေ့ပေးရန်၊ ရေနွေးပေးရန်အသုံးပြုသောဘွိုင်လာ၊

(ခ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသောဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

၇၅။ အောက်ပါတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေရ -

(က) မည်သည့်သဘော်ာတွင်မဆို၊ တပ်ဆင်အသုံးပြုသည့်ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊

(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်သက်ဆိုင်သောစက်ရုံ၊ အလုပ်ရုံ၊ ဌာနများရှိဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊

(ဂ) မီးရထား ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

## အခန်း (၁၆)

## အထွေထွေ

၇၆။ ဘွိုင်လာဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃) အရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၇။ ဤဥပဒေ အတည်မဖြစ်မီက ထုတ်ပေးခဲ့သော လက်မှတ်များနှင့် ထောက်ခံချက်များသည် သက်တမ်းကုန်ဆုံးသည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၉။ ဘွိုင်လာဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ အမျိုးသားလွှတ်တော်ရုံးဖွဲ့စည်းပုံကို အရာထမ်းရာထူး (၂၆၄) နေရာ၊ အမှုထမ်းရာထူး (၇၃၇) နေရာ၊ စုစုပေါင်းရာထူး (၁၀၀၁) နေရာဖြင့် ဖွဲ့စည်းလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်အမှတ် (၁/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် )

### စစ်ဆေးကြားနာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၇ (က) အရ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုအတွက် အယူခံမှုများအား စစ်ဆေးကြားနာရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော စစ်ဆေးကြားနာရေးအဖွဲ့ကို ဖွဲ့စည်းလိုက်သည် -

(က) ဦးမြင့်နိုင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဥက္ကဋ္ဌ

(ခ) ဦးညွန့်တင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အဖွဲ့ဝင်

(ဂ) ဦးဝင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အဖွဲ့ဝင်

၂။ စစ်ဆေးကြားနာရေးအဖွဲ့သည် အောက်ဖော်ပြပါ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှု အယူခံလွှာများအား စစ်ဆေးကြားနာ၍ တွေ့ရှိချက်၊ သဘောထားမှတ်ချက်၊ သုံးသပ်ချက်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အချိန်မီ တင်ပြအစီရင်ခံရမည် -

(က) ဒေါ်မိုင်စုစုလှိုင် - ရခိုင်ပြည်နယ်၊ ချင်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း

(ခ) ဦးယောသပ် - ရှမ်းပြည်နယ်၊ လားဟူတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း

(ဂ) ဦးစိုင်းကျော်ဇော - မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်အမှတ် (၂/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )

### ပြန်လည်သုံးသပ်မှုခုံအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၇ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ချမှတ်ခဲ့သည့် အယူခံအမိန့်အား သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပြန်လည်သုံးသပ်နိုင်ရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်သုံးဦးပါဝင်သော ပြန်လည်သုံးသပ်မှုခုံအဖွဲ့ကိုဖွဲ့စည်းလိုက်သည်-

(က) ဦးမြင့်နိုင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဥက္ကဋ္ဌ

(ခ) ဦးညွန့်တင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အဖွဲ့ဝင်

(ဂ) ဦးဝင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အဖွဲ့ဝင်

၂။ ပြန်လည်သုံးသပ်မှုခုံအဖွဲ့သည် အောက်ဖော်ပြပါ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းထားသော အောက်ပါပုဂ္ဂိုလ်များ၏ တင်ပြချက်များအား စစ်ဆေးကြားနာ၍ တွေ့ရှိချက်၊ သဘောထားမှတ်ချက်၊ သုံးသပ်ချက်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အချိန်မီ တင်ပြအစီရင်ခံရမည် -

(က) ဦးမြင့်လွင် - ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၊ လွှတ်တော်ကိုယ်စားလှယ်လောင်း

(ခ) ဦးအောင်ကျော်ဦး (ခ) ဦးကျော်ဦး - ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၊ လွှတ်တော်ကိုယ်စားလှယ်လောင်း

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် )

အမှတ် ၈၆ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၁/၁၀၆-ဝန်ထမ်းသစ်/အဖရ (၂၀၁၃) နှင့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်စွဲပါ စာအမှတ်၊ ၅/၁၀၆ - ဝန်ထမ်းသစ်/အဖရ (၂၀၁၃) ၏ ခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးခဲ့သည့် အောက်ဖော်ပြပါပြင်ပပုဂ္ဂိုလ် (၉) ဦးအား ပြန်ကြားရေးဝန်ကြီးဌာနတွင် ယင်းတို့၏ ယှဉ်တွဲဖော်ပြပါရာထူးနေရာ၌ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှ စ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ခန့်ထားသည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|
| ၁။ | ဒေါ်မေသန္တာမောင်<br>၅/ဆလက (နိုင်) ၀၇၃၈၂၆ | စာပေစိစစ်ရေးမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်ပပသင်း<br>၁၄/မအန (နိုင်) ၁၅၄၈၆၂ | စာပေစိစစ်ရေးမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်သဇင်မြင့်<br>၁၄/ဘကလ (နိုင်) ၁၈၂၇၅၁ | စာပေစိစစ်ရေးမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ချစ်သီရိမောင်<br>၈/ပခက (နိုင်) ၂၀၅၂၆၃ | စာပေစိစစ်ရေးမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |

| စဉ် | အမည်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ခန့်ထားသည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|
| ၅။ | ဒေါ်မိုးပပမျိုး<br>၈/မဘန (နိုင်) ၀၉၄၄၅၇ | စာပေစိစစ်ရေးမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်အိမွန်သုန်<br>၉/ကပတ (နိုင်) ၁၇၈၀၂၂ | စာတည်း<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်သင်းသိဂီမွန်<br>၁၄/အဂပ (နိုင်) ၁၆၉၄၉၄ | စာတည်း<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်ကြည်ကြည်မြင့်<br>၉/ပဘန (နိုင်) ၁၃၆၉၅၂ | စာတည်း<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်မေသူစိုး<br>၅/ဝသန (နိုင်) ၀၅၁၇၀၄ | စာတည်း<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန |

**(ဝန်ကြီးရုံး)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

အမှတ် ၈၇ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရှိ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ချထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးမျိုးဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ |
| (၂) | ဦးကျော်မျိုးနိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ | လက်ထောက်ညွှန်ကြားရေးမှူး<br>မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |

အမှတ် ၈၈ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၂၃/၁၀၆-ပြောင်းရွှေ့/အဖရ (၂၀၁၅) စာအရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးဇော်လင်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတွင် လစာနှုန်းတူ ဦးစီးအရာရှိ ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

အမှတ် ၈၉ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၂၄/၁၀၆-ပြောင်းရွှေ့/အဖရ (၂၀၁၅) စာအရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊

ရှမ်းပြည်နယ်မှ ဌာနခွဲမှူး (လုပ်ငန်းစု) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစောဝင်းနိုင်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန (ကျိုင်းတုံမြို့) တွင် လစာနှုန်းတူ ဦးစီးအရာရှိရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

အမှတ် ၉၀ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၂၅/၁၀၆-ပြောင်းရွှေ့/အဖရ (၂၀၁၅) စာအရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးအေးကျော်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတွင် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူးရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

အမှတ် ၉၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၂၁) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲပါ ရာထူးနေရာများသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၁) | ဒေါ်လှလှဌေး | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ပဲခူးခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပဲခူးခရိုင်ရုံး |
| (၂) | ဒေါ်ဝါဝါလွင် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>မင်းလှမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မော်လမြိုင်ခရိုင်ရုံး |
| (၃) | ဒေါ်မြင့်မြင့်သန်း | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>မဟာအောင်မြေမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မိတ္ထီလာခရိုင်ရုံး |
| (၄) | ဒေါ်ရွှေလဝါဝါ | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုံးချုပ်၊ သုတေသနနှင့်<br>သတင်းအချက်အလက်ဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုံးချုပ်၊ သုတေသနနှင့်<br>သတင်းအချက်အလက်ဌာနခွဲ |
| (၅) | ဦးရှိန်းတမ် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဟားခါးခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပူတာအိုခရိုင်ရုံး |
| (၆) | ဒေါ်ကျော့မြတ်ခိုင် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>မြစ်သာမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဘားအံခရိုင်ရုံး |
| (၇) | ဦးဆန်းမြင့် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ယင်းမာပင်ခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ယင်းမာပင်ခရိုင်ရုံး |
| (၈) | ဦးသန်းမြင့် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ထားဝယ်ခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ထားဝယ်ခရိုင်ရုံး |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၉) | ဒေါ်စိုးစိုးဝင်း | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>မုံရွာခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မုံရွာခရိုင်ရုံး |
| (၁၀) | ဒေါ်ခင်ဝင်းကြည် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဆိပ်ကြီးခနောင်တိုမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြိတ်ခရိုင်ရုံး |
| (၁၁) | ဒေါ်ခင်လေးနွယ် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>သထုံခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>သထုံခရိုင်ရုံး |
| (၁၂) | ဒေါ်ခင်ရွှေဝါဖူး | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုံးချုပ်၊ သုတေသနနှင့်<br>သတင်းအချက်အလက်ဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုံးချုပ်၊ သုတေသနနှင့်<br>သတင်းအချက်အလက်ဌာနခွဲ |
| (၁၃) | ဦးကျော်သက်ဦး | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ခမောက်ကြီးမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ကော့သောင်းခရိုင်ရုံး |
| (၁၄) | ဒေါ်နေမျိုးပိုင် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>စေတုတ္တရာမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မိုးမိတ်ခရိုင်ရုံး |
| (၁၅) | ဒေါ်ခင်သူဇာ | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ကြံခင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဟသ်ာတခရိုင်ရုံး |
| (၁၆) | ဒေါ်ရွှေရွှေမြင့် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ကျောက်တစ်လုံးမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>လွိုင်လင်ခရိုင်ရုံး |
| (၁၇) | ဒေါ်ခင်ယုယုနွယ် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဘူးသီးတောင်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ကျောက်ဖြူခရိုင်ရုံး |
| (၁၈) | ဒေါ်သီတာဌေး | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုံးချုပ်၊ ထုတ်လုပ်ရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုံးချုပ်၊ ထုတ်လုပ်ရေးဌာနခွဲ |
| (၁၉) | ဦးမြင့်နိုင်စိုး | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုံးချုပ်၊ ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုံးချုပ်၊ ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဌာနခွဲ |
| (၂၀) | ဒေါ်ယဉ်ယဉ်နု | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနခွဲ |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၂၁) | ဦးယုဝါအောင် | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုံးချုပ်၊ ထုတ်လုပ်ရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုံးချုပ်၊ ထုတ်လုပ်ရေးဌာနခွဲ |

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် )

**ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။　မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးရေကြီးမြင့်မှုနှင့် ရေဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကယ်ဆယ်ရေးနှင့် ရှေးဦးထူထောင်ရေး၊ ထပ်မံဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအတွက် ထိရောက်စွာ ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား စနစ်တကျအကောင်အထည်ဖော်နိုင်ရေး၊ ဘေးလွန်ကာလတွင် ပိုမိုကောင်းမွန်သည့် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များကို စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို မျက်ခြည်မပြတ် တာဝန်ခံဆောင်ရွက်နိုင်မှုထွန်းကားရေး၊ လူထု၏ ကြိုတင်ကာကွယ်ရေး၊ စွမ်းရည်ထက်မြက်ရှင်သန်စေရေး ရည်မှန်းချက်များကို ပြည့်မီရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ထိရောက်စွာ ပံ့ပိုးပေးနိုင်စေရန်အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အောက်ဖော်ပြပါ **ဘေးအန္တရာယ် စီမံခန့်ခွဲမှုအကြံပေးအဖွဲ့ Disaster Management Advisory Group** အား ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါက်တာဒေါ်ရင်ရင်နွယ်<br>နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေး | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်ထွဋ်ဦး<br>နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာကျော်မင်းထွန်း<br>ဗဟိုဘဏ်ဘုတ်အဖွဲ့၏ အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာဆွေတင်<br>ငါးလုပ်ငန်းပညာရှင် | အဖွဲ့ဝင် |
| (င) | ဒေါက်တာထွန်းလွင်<br>မိုးလေဝသပညာရှင် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာခင်မောင်လွင်<br>ပြည်သူ့ကျန်းမာရေးပညာရှင် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာသန်းလှ<br>မွေးမြူရေးပညာရှင် | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာရဲမွန်မြင့်<br>ပြည်သူ့ကျန်းမာရေးပညာရှင် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဒေါ်ခင်နီနီသိန်း<br>ရေအရင်းအမြစ်စီမံခန့်ခွဲမှုပညာရှင် | အဖွဲ့ဝင် |

(ည) ဦးခင်ကြူ — အဖွဲ့ဝင်
စာရင်းနှင့်သတင်းစီမံခန့်ခွဲမှုပညာရှင်

(ဋ) ဦးထွန်းမြတ် — အဖွဲ့ဝင်
စားနပ်ရိက္ခာဖူလုံရေးပညာရှင်

(ဌ) ဒေါက်တာနေထွန်း — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်

(ဍ) ဦးစိုးဝင်းမောင် — အဖွဲ့ဝင်
စိုက်ပျိုးရေးပညာရှင်

(ဎ) ဒေါက်တာထွန်းဝင်း — အဖွဲ့ဝင်
တန်ဖိုးကွင်းဆက်ပညာရှင်

(ဏ) ဒေါက်တာဇော်ဦး — အတွင်းရေးမှူး
နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေး

၂။ ဘေးသင့်ဒေသများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ **Disaster Management Advisory Group** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ကောက်ယူခြင်း၊ ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များ ဆန်းစစ်လေ့လာခြင်း၊ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ရှေးဦးထူထောင်ရေး စီမံချက်များကို ရေးဆွဲခြင်းနှင့် အများပြည်သူတို့၏ အလှူဒါနနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထင်သာမြင်သာ ထိရောက်မှုရှိစွာ စီမံခန့်ခွဲခြင်းစသည့် ဆောင်ရွက်မှုများအပေါ် သုံးသပ်အကြံပြုရန်။

(ခ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး စီမံကိန်းအား အများပါဝင်သည့် အကြံပြု ဆွေးနွေးညှိနှိုင်းမှု ဖိုရမ်မှတစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ ကိုယ်စား ညှိနှိုင်းရေးဆွဲရန်။

(ဂ) ထပ်မံဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်နှင့် နောက်ဆက်တွဲပြဿနာများကို ကြိုတင် ကာကွယ်နိုင်ရန် အစီအစဉ်များနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်မည့် ဘတ်ဂျက်၊ ထောက်ပံ့ငွေ၊ ချေးငွေနှင့် အခြားအရင်းအမြစ်များ စုစည်းစီမံခန့်ခွဲသုံးစွဲနိုင်မည့် စီမံချက်များနှင့် စုစည်းမှုများကို ချမှတ်ရေးဆွဲရန်။

(ဃ) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ နှီးနှော ဖလှယ်ပွဲ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ကျင်းပခြင်းတို့အတွက် ဦးဆောင်လမ်းညွှန်မှုပေးရန်။

(င) နိုင်ငံတကာအသိုင်းအဝိုင်းမှ ကမ်းလှမ်းလာသည့် လူသားချင်းစာနာမှု အကူအညီများ ရန်ပုံငွေ တောင်းခံဖြည့်ဆည်းမှုများ ပြန်လည်ထူထောင်ရေးအထောက်အပံ့များ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက် နှင့်အညီ ပူးပေါင်းဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းစီမံရန်နှင့် ရေးဆွဲအကောင်အထည်ဖော်ရန်။

(စ) နိုင်ငံတော်၏ ရေရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံကိန်းများ၊ လူမှုစီးပွားပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်များနှင့်ဘေးအန္တရာယ်ကာကွယ်တားဆီးရေးကို စဉ်ဆက်မပြတ်ဆောင်ရွက် နိုင်စွမ်းရှိမည့် ရေရှည်စီးပွားရေးကြံ့ခိုင်မှုရှိရေးစီမံချက်များကို ဆက်လက်ရေးဆွဲဆောင်ရွက်သွားရန် ဖြစ်ပြီး လိုအပ်ပါက အကြံပေးအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းသွားရန်။

(ဆ) အထက်ပါလုပ်ငန်းများ၏ သုံးသပ်ဆန်းစစ်ချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီသို့ သုံးလတစ်ကြိမ် အကြံပြုလွှာတင်သွင်းရန်နှင့် ပြည်သူသို့ အစီရင်ခံရန်ဖြစ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)၊
ဘုန်းဆွေ၊ ဒုတိယဝန်ကြီး၊
အတွင်းရေးမှူး၊
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ။

မှတ်ပုံတင်အမှတ်—၃၉


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်<br>( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

အမှတ် ၄ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** | **ဒေသ** |
|---|---|---|---|
| ၁။ | ဦးသန့်ဇင် | ဒုတိယညွှန်ကြားရေးမှူး | မောင်တောခရိုင် |
| ၂။ | ဦးစောထူး | လက်ထောက်ညွှန်ကြားရေးမှူး | မိုင်းဖြတ်မြို့နယ် |
| ၃။ | ဦးသိန်းဌေးအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ကရင်ပြည်နယ်(ဘားအံ) |

ထွေးလှ၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

### ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
### အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ခွင့်ပြုချက်အရ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိများအား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** |
|---|---|
| ၁။ | ဦးအောင်မျိုးသန်း |
| ၂။ | ဒေါ်နှင်းသူဇာမြင့်လွင် |
| ၃။ | ဒေါ်နှင်းဝေအောင် |

**စဉ် အမည်**

၄။ ဒေါ်သွယ်သွယ်ထွန်း
၅။ ဒေါ်ယဉ်မင်းထွေး
၆။ ဒေါ်တင်တင်အေး
၇။ ဒေါ်အေးအေးခိုင်
၈။ ဒေါ်နှင်းသဇင်ဦး
၉။ ဦးဇော်ဟိန်းထွန်း
၁၀။ ဒေါ်စုစုမော်
၁၁။ ဒေါ်ဆွေဇင်မော်
၁၂။ ဒေါ်ချောစုခိုင်
၁၃။ ဦးထွန်းလင်းဦး
၁၄။ ဒေါ်မြမြင့်သန်း
၁၅။ ဒေါ်အေးသီတာနိုင်
၁၆။ ဒေါ်စုစုထွန်း
၁၇။ ဒေါ်ခင်ပပခိုင်
၁၈။ ဒေါ်ဆင့်ဆင့်စိုး
၁၉။ ဒေါ်မြမြသိန်း
၂၀။ ဒေါ်ဇင်လဲ့ဖြူသင်း
၂၁။ ဒေါ်သန်းသန်းဌေး
၂၂။ ဒေါ်ခင်ခင်စိုး
၂၃။ ဒေါ်အေးအေးမွန်
၂၄။ ဒေါ်သီရိဆွေ
၂၅။ ဒေါ်သက်မာအေး
၂၆။ ဒေါ်အိအိငြိမ်းလှိုင်
၂၇။ ဒေါ်စုစုလှိုင်
၂၈။ ဒေါ်မျိုးမျိုးအေး
၂၉။ ဒေါ်ချမ်းမြေ့ငြိမ်း
၃၀။ ဒေါ်အေးမာ
၃၁။ ဒေါ်ပြည့်ပြည့်ဖြိုး
၃၂။ ဒေါ်အိဇင်ဖြိုး
၃၃။ ဒေါ်ဟန်သီဦး
၃၄။ ဒေါ်နန်းခင်မြင့်စိုး
၃၅။ ဒေါ်အိလှိုင်ဝင်းရည်
၃၆။ ဒေါ်သန္တာမိုး
၃၇။ ဒေါ်စန်းယုမွန်
၃၈။ ဒေါ်ယဉ်မေဦး
၃၉။ ဒေါ်ခင်သန္တာထွန်း
၄၀။ ဒေါ်ငုဝါစိုး

မောင်မောင်ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**မြန်မာကုမ္ပဏီများအက်ဥပဒေအရ**
**ဂန်းနန်းဂျေအီး အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်**
**(Kang Nam Jaeil Engineering Company Limited)**
အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်
ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၈-၁၁-၂၀၁၅) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်အေးအေးကြွယ်
မန်နေးဂျင်းဒါရိုက်တာ
ဂန်းနန်းဂျေအီး အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅(အေ-၁)၊ အခန်း-(ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၂၃၀ ၄၃၄၉၊ ၅၂၇၇၂၇

## မြန်မာစတော့(ခ်) အိတ်(ပ်)ချိန်း လီမိတက်
## (MYANMAR STOCK EXCHANGE LIMITED.)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာစတော့(ခ်) အိတ်(ပ်)ချိန်း လီမိတက် (MYANMAR STOCK EXCHANGE LIMITED.)** အား (၂၉. ၁၀. ၂၀၁၅) ရက်နေ့မှ စ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စွာ
Director
Myanmar Stock Exchange Limited.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ပင်လယ်လက်ကြား ထောက်ပံ့ပို့ဆောင်ရေး လီမိတက်
## (STRAITS LOGISTICS LIMITED.)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ပင်လယ်လက်ကြား ထောက်ပံ့ပို့ဆောင်ရေး လီမိတက် (STRAITS LOGISTICS LIMITED.)** အား (၃၀. ၁၀. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စွာ
Director
Straits Logistics Limited.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ပင်လယ်လက်ကြား ငွေလဲလှယ်ခြင်းနှင့် ငွေလွှဲလုပ်ငန်း လီမိတက်
## (STRAITS EXCHANGE & REMITTANCE LIMITED.)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ပင်လယ်လက်ကြား ငွေလဲလှယ်ခြင်းနှင့် ငွေလွှဲလုပ်ငန်း လီမိတက် (STRAITS EXCHANGE & REMITTANCE LIMITED.)** အား (၃၀. ၁၀. ၂၀၁၅) ရက်နေ့မှ စ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စွာ
Director
Straits Exchange & Remittance Limited.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ပင်လယ်လက်ကြား လုံခြုံမှု ထိန်းသိမ်းရေး လီမိတက်
## (STRAITS SECURITY LIMITED.)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ပင်လယ်လက်ကြား လုံခြုံမှု ထိန်းသိမ်းရေး လီမိတက် (STRAITS SECURITY LIMITED.)** အား (၃၀. ၁၀. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စွာ
Director
Straits Security Limited.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ပင်လယ်လက်ကြား မော်တော်ယာဉ် ဝန်ဆောင်မှု လီမိတက်
## (STRAITS RENT - A - CAR LIMITED.)
အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ပင်လယ်လက်ကြား မော်တော်ယာဉ်ဝန်ဆောင်မှု လီမိတက် (STRAITS RENT - A - CAR LIMITED.)** အား (၃၀. ၁၀. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော် ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စွာ
Director
Straits Rent - A - Car Limited.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## မိုးသင်းသင်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## (MOE THIN THIN TRADING COMPANY LIMITED.) အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မိုးသင်းသင်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (MOE THIN THIN TRADING COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့၊ နံနက် (၁၁း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

NOTICE Under Section 206 (1) Myanmar Companies Act.

**DRIVES & CONTROL MYANMAR CO.,LTD.**

(Members Voluntary Winding -Up)

Notice is hereby given that in accordance with the Special Resolutions of members meeting held 30th October, 2015 at No.942, 2nd Floor, Kyaik Wine Pagoda Road, Ward No. 3, Mayangone Township, Yangon, Myanmar it was resolved as required by section 203 (2) Myanmar Company Act that -

1. DRIVES & CONTROL MYANMAR CO.,LTD be wound up voluntarily with effect from 30th October, 2015.
2. U Ye Noos (Supreme Court Advocate) YE NOOS & ASSOCIATES (Law Firm) has been appointed Liquidator and Mr.Pang Leong Kim (Managing Director) of the company also has been appointed Co-Liquidator with effect from 30th October, 2015.

Mr.Pang Leong Kim
Managing Director
CO-LIQUIDATOR
No.942, 2nd Floor, Kyaik Wine Pagoda Road,
Ward No. 3, Mayangone Township, Yangon.

U YE NOOS
(LL.B) LIQUIDATOR
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
176, (First Floor), Botataung Pagoda Road,
Pazundaung Township, Yangon.

**မြန်မာ ခရီးသွား ချိတ်ဆက် ကုမ္ပဏီလီမိတက်**

**(MYANMAR TRAVELS LINK COMPANY LIMITED.)** အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၃၀-၁၁-၂၀၁၅

ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ

ကျင်းပမည့်နေရာ - အမှတ်-(၅/စီ)၊ ဝက်ဘာလမ်း၊ ဗိုလ်ချုပ်(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
B.Com (Q), C.P.A
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

## မိချောင်းကြယ်စင် ကုမ္ပဏီလီမိတက်
## (Plough Star Manufacturing Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **မိချောင်းကြယ်စင် ကုမ္ပဏီလီမိတက် (Plough Star Manufacturing Company Limited)** အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ရင်ကြည် (B.Com, C.P.A, Certified Public Accountant) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်ရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကြူကြူဝင်း
မန်နေးဂျင်းဒါရိုက်တာ
မိချောင်းကြယ်စင်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

ဒေါ်ရင်ကြည်
(B.Com, C.P.A)
(Certified Public Accountant)

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

## ရွှေပဉ္စဂံ ရေကြောင်းဆိုင်ရာ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
## (GOLDEN PENTAGON MARINE SERVICES COMPANY LIMITED.)

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေပဉ္စဂံရေကြောင်းဆိုင်ရာဝန်ဆောင်မှုကုမ္ပဏီလီမိတက် (GOLDEN PENTAGON MARINE SERVICES COMPANY LIMITED.)** အား (၁၄. ၁၀. ၂၀၁၅) ရက်နေ့မှစ၍ အစုဝင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Maung Ko
Managing Director
GOLDEN PENTAGON MARINE SERVICES
COMPANY LIMITED.

ဒေါ်စန်းကြည်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၀၀/၃၀-၁၀-၂၀၁၅။